မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Gopal K.Pillai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Gopal K.Pillai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Aloke Sen တို့ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Gopal K.Pillai အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ကြဉ်းပေးနေသည့် ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံ

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်အစိုးရသည် ဆည်မြောင်း တာတမံနှင့် ရေထိန်းတံခါးများကို အကောင်အထည်ဖော် တည်ဆောက်ပေးခြင်းဖြင့် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်ရာ၌ အဓိကပါဝင်သည့် စိုက်ပျိုးရေး ကဏ္ဍအတွက် မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီးတွင် ကတိုက်ရေလှောင်တမံကို ၂၀၀၇ခုနှစ် ဧပြီ ၃၀ရက်က ဖွင့်လှစ်ပေးခဲ့သည်။ ကတိုက်တမံသည် စိုက်ပျိုးမြေဧက ၁၀၀၀အတွက် ရေပေးဝေနိုင်ပြီး လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

သတင်းမှတ်စု
တင်မာဝင်းနှင့် မြကေခိုင်စိုး
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၂ ရက်)

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး လမ်းပန်းဆက်သွယ်မှု တိုးမြှင့်ဖော်ဆောင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားလမ်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးတိုးတက်မှုများ ပိုမိုထွန်းကားလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။

ယင်းသို့ တိုးချဲ့ဖောက်လုပ်ပေးခဲ့ရာတွင် အရှည် ၂၂ဒသမ ၁၂မိုင်ခန့်ရှိသည့် ပျော်ဘွယ်(ရန်အောင်) -ရွာတော်ရထားလမ်းပိုင်းကို ဇန်နဝါရီ ၁၆ရက်က ပျော်ဘွယ်-နတ်မောက်-မကွေးလမ်းမကြီး၏ ဒုတိယမြောက် လမ်းပိုင်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့သည်။ ပထမပိုင်းဖြစ်သော မကွေး-ကံပြား (နည်းပညာတက္ကသိုလ်)ရထားလမ်းပိုင်းကို ဒီဇင်ဘာ ၁၉ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

မကွေးတိုင်း နယ်မြေအတွင်း ရထားလမ်းများ ဆက်စပ်ဖောက်လုပ်ပေးလျက်ရှိရာ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်လျက်ရှိသည့် ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းကို မကွေးတိုင်း၏ ပခုက္ကူမြို့အထိလည်းကောင်း၊ ပခုက္ကူမှ ဂန့်ဂေါ-ကလေးအထိလည်းကောင်း ဖောက်လုပ်ပြီးဖြစ်သည်။

ယင်းရထားလမ်းသည် ကြံခင်း-ဥသျှစ်ပင်-ကံမ-သရက် ရထားလမ်းဖြင့် ဆက်စပ်သွားလာနိုင်မည် ဖြစ်သည်။ ပျော်ဘွယ်(ရန်အောင်)-ရွာတော်ရထားလမ်းပိုင်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ ရထားလမ်းကြီး ဖောက်လုပ်ပြီးစီးသွားပါက ဒေသထွက်ကုန်ပစ္စည်းများကို သက်သာလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅မိုင်သာရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ယခုဖွင့်လှစ်ခဲ့သည့် ပျော်ဘွယ်(ရန်အောင်)-ရွာတော်ရထားလမ်းအပါအဝင် ရထားလမ်းအရှည်ပေါင်း ၃၃၃၅ ဒသမ ၄၅မိုင်ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ ၁၉၈၈ခုနှစ် မတိုင်မီ ဘူတာပေါင်း ၄၈၈ဘူတာရှိခဲ့ရာ ယခုအခါ ပျော်ဘွယ်(ရန်အောင်)-ရွာတော်လမ်းပိုင်းရှိ ဘူတာ ငါးဘူတာအပါအဝင် ၃၆၁ဘူတာကို တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အထိ ဘူတာစုစုပေါင်း ၈၄၉ဘူတာ ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်၏စေတနာကိုသိရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၂-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အိုင်စီတီသုတ
၄း၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေခဲပြင် မရှိတော့တဲ့ အာတိတ်ဒေသ** (အပိုင်း-၁)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **ရွာ ဟာသဇာတ်လမ်းတွဲ ချမ်းသာရွာရဲ့ သတို့သမီး** ချစ်ဖွယ်၊ ပေါ်လေး၊ မော်ကြီး၊ ခိုင်ဇင်
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ရှင်သန်နေသော သီချင်းများ တေးရေး-စိုးနိုင်ထွန်း၊ **အလွမ်း၏ ခြေရာများ** (အပိုင်း-၂)
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရှက်ဦးအချစ်** (အပိုင်း-၂၃)

ဇန်နဝါရီ ၁၀ရက်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူတစ်ဦးတို့က ရခိုင်ပြည်နယ် ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကြက်မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ဇန်နဝါရီ ၁၈ရက်တွင် တနင်္သာရီတိုင်း ထားဝယ်မြို့ ဝဲကျွန်းရပ်နှင့် ညောင်ရမ်းရပ်တို့ရှိ ပုဂ္ဂလိက ကြက်မွေးမြူရေးခြံများသို့ သွားရောက်၍ ဥစား၊ အသားစား ကြက်မွေးမြူထားရှိမှုနှင့် ကြက်မျိုးသားပေါက်များ ပြုစုထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် ထားဝယ်မြို့ရှိ ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး

ကျင်းပရက် ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များ အသင်းကြီး၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကြီးကို ဇန်နဝါရီ ၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီ အစား ညနေ ၃နာရီသို့ ပြောင်းလဲ ကျင်းပမည်ဖြစ်ကြောင်း အသင်းသား အသင်းသူများအား အသိပေးထားသည်။ (သတင်းစဉ်)

ငါးမျိုးမသုဉ်းရေး မော်လမြိုင်ကျွန်း၌ ပညာပေးဟောပြော

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၁

ငါးနှင့်ရေနေ သယံဇာတများမျိုးမသုဉ်းရေး၊ ရေရှည်တည်တံ့စွာ ပြည်သူများ ဝဝလင်လင် ငါးစားသုံးနိုင်စေရေးအတွက် ငါးလုပ်ငန်းဥပဒေနှင့်အညီ တာဝန်သိစိတ်ဓာတ်ဖြင့် ငါးဖမ်းဆီးစေရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးနှင့်အဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ လှည့်လည်ပြီး ကွင်းဆင်းစစ်ဆေးခြင်းနှင့် ငါးလုပ်ငန်းအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပလျက်ရှိသည်။

ယင်းပညာပေးဟောပြောပွဲများတွင် ငါးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် ကျူးကျော်မှုများဖြင့် ဘက်ထရီရှော့တိုက်၍ ငါးဖမ်းဆီးခြင်းနှင့် စည်းကမ်းမဲ့ ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် နှိုးဆော်ပညာပေး ဟောပြောလျက်ရှိသည်။ ငါးလုပ်ငန်းဥပဒေနှင့်အညီ တားမြစ်ချက်မလိုက်နာသူများအား အရေးယူသွားမည်ဟု သိရသည်။ (၁၄၂)

မြေယာရှင်းအလှ

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်းများ ရမည်းသင်းမြို့အဝင်ဆိုင်းဘုတ်အနီး၌ မြေယာရှင်းအလှဆောင်ရွက်စဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိတ္ထီလာကန်ရေကို ရေစက်ရုံခြောက်ရုံမှ တစ်ဆင့်ပေးဝေခြင်း၊ မဟာစည်မြေအောက်ရေပေးရေးလုပ်ငန်း၊ ကျီတော်ကုန်း တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းများဖြင့် မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် မြို့ရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ရက်က မြို့မ (၄) လင်းဇင်းရပ်ကွက်ရှိ အဖွဲ့ပိုင်ရေစက်ရုံအမှတ်(၅)မှ မြို့ရေပေးရေးလုပ်ငန်းခွင်သို့ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (၀၈၆)

သွေးသည် အသက်

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ရေနက်ဆိပ်ကမ်းတည်ဆောက်မည့်နေရာစစ်ဆေး

ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် လောင်းလုံမြို့နယ် ပန်းတင်အင်ကျေးရွာအုပ်စု စခန်းသစ်ကျေးရွာအနီး ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ထားဝယ်ဘူတာ သန့်ရှင်းသာယာလှပရေးနှင့် ဘူတာဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာအတွင်း ခရီးသည်များ နားနေနိုင်ရန် ထိုင်ခုံများ စီစဉ်ဆောင်ရွက်ထားရှိရေးကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ထားဝယ် - မြိတ်ရထားလမ်းပိုင်း၏ ထားဝယ်-သရက်ချောင်း လမ်းပိုင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကျောက်ရှပ်ကျေးရွာအနီး ဆိပ်ကမ်းဘူတာနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ အညာဖျားကျေးရွာအနီးရှိ အညာဖျားရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူ တစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ထားဝယ်-သရက်ချောင်း လမ်းပိုင်း ရထားလမ်း မြေကြီးတာပေါင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ထားဝယ်-သရက်ချောင်းလမ်းပေါ်ရှိ ပေါက်တိုင်းချောင်းတံတား တည်ဆောက်ရေးယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြကာ တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ပန်းတင်အင်ကျေးရွာအုပ်စု စခန်းသစ်ကျေးရွာအနီး ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာ ယာယီရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူတို့က လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လုပ်ငန်းလိုအပ်ချက်များကို မှာကြား၍ ရေနက်ဆိပ်ကမ်းတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ပုလောမြို့နယ် မလိကျွန်း နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး မိသားစုဝင်များအတွက် စားသောက်ကုန်နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ မလိကျွန်း (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်၌ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေးဆိုင်ရာနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အလှူရှင်တို့က ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြကာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဆေးရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မလိကျွန်းအခြေခံပညာ အထက်တန်းကျောင်း (ခွဲ)သို့ ရောက်ရှိပြီး ကွန်ပျူတာခန်းနှင့် သင်ထောက်ကူပစ္စည်းခန်းတို့အတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကာကျောင်းအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မလိကျွန်းဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း မလိပုလဲမွေးမြူရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ပုလဲထုတ်လုပ်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားကာ တိုင်းမှူးက ဝန်ထမ်းများအတွက် စားသောက်ကုန်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး လှိုင်မြို့နယ်၌ ဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းအတွင်း မီးလောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် စက်ရုံ/အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန ဦးဆောင်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် မြန်မာ့သစ်လုပ်ငန်း အမှတ်(၈) သစ်စက်မှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဇန်နဝါရီ ၁၅ရက် နံနက်က အဆိုပါ စက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စက်ရုံမှူး ဦးထွန်းနိုင်သန်းက အဖွင့်အမှာစကားပြောကြားပြီး လှိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်နိုင်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်း၊ စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်စက်ဖြင့် မီးငြိမ်းသတ်မှု စွမ်းရည်လက်တွေ့သရုပ်ပြသမှုများ ဆောင်ရွက်ခဲ့ပြီး စက်ရုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည်စစ်ဆေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံတို့ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် စာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၂၁

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery & Equipment Import & Export Corporation တို့ သောက်ရေခပ် (၂)ရေအားလျှပ်စစ်စီမံကိန်းအတွက် HSS, EM, Machinery and Services များဝယ်ယူခြင်းအတွက် Contract စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ China National Machinery & Equipment Import & Export Corporation မှ Vice President.Mr. Han Gang နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးကောင်စစ်ဝန် Mr. Jin Honggen၊ ရွှေစွမ်းအင် ကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် China National Machinery & Equipment Import & Export Corporation မှ Vice President.Mr. Han Gang က Contract စာချုပ်လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery & Equipment Import & Export Corporation မှ Vice President.Mr.Han Gang တို့သည် Contract စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး(ဓါတ်ပုံ) အပြန်အလှန် လဲလှယ်ခဲ့ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်) တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၇၅နှစ်အထက် အငြိမ်းစားဝန်ထမ်း အရာထမ်း၊ အမှုထမ်း ၇၉ဦးတို့အား လက်ရှိဝန်ထမ်းများက သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။

နိုးဆော်ထား

အဆိုပါ သက်ကြီးပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၃၀ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အင်းစိန်ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအားလုံး စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ *(မြန်မာ့အလင်း)*

ဥတုရာသီ တောကိုမှီ၏

နောင်ချိုစည်ပင်သာယာ ကျေးလက်လမ်းဖောက်လုပ်

နောင်ချို ဇန်နဝါရီ ၂၁

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ပင်တီး၊ ဆိတ်ဖူး၊ ကျေးလက်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမင်းဟန် ဇန်နဝါရီ ၆ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့က ရှင်းလင်းတင်ပြသည်။

အဆိုပါ မြေသားလမ်းမှာ အရှည် ငါးမိုင် သုံးဖာလုံ၊ အကျယ် ပေ၂၀ရှိပြီး အဖွဲ့ရန်ပုံငွေ ကျပ် ၁၀၈၈၅၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်းနှင့် အဆိုပါလမ်းပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေးသွားလာမှု လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးစီမံချက်အရ အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် အမှတ်(၅)ရပ်ကွက် ရန္တာဗိုလ်ရေကန်ရှိ မြေယာရှုခင်းအလှဆောင်ရွက်ထားရှိမှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များမဏ္ဍာရုံ၌ ကျင်းပမည်ဖြစ်၍ ကျောင်းနေဖက်မိတ်ဆွေများအားလုံး တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ဒေါက်တာလွင်လွင်စိုး(ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀-၂၄၁၉၄၊ ဒေါ်တင်တင်ရှု(DEPT)ဖုန်း- ၅၅၇၃၀၉၊ ဦးအေးကြိုင်(ဦးစီး-၁) ဖုန်း-၅၅၇၆၄၃၊ ၀၉-၈၅-၀၀၄၇၉၊ ဦးစံထိုက်(ဦးစီး-၂)ဖုန်း-၀၂-၃၉၂၈၉၊ ဦးကျော်ဝင်းမြင့်(ဦးစီး-၃)ဖုန်း-၂၁၀၀၂၆၊ ဒေါ်ကြူကြူရွှေ(ဦးစီး-၃) ဖုန်း-၅၅၄၉၆၄ (အိမ်)၊ ဦးရှိန်းလိန်းအောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၁၇၊ ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘာရိန်းနိုင်ငံတကာလေယာဉ်ပြပွဲ ရုရှားဂျက်တိုက်လေယာဉ် ပါဝင်ပြသမည်

တီဟီရန် ဇန်နဝါရီ ၂၁

အီရန်နိုင်ငံသည် ဘာရိန်း၌ ဇန်နဝါရီ ၂၁ရက်မှ ၂၃ရက်အထိ ကျင်းပမည့် နိုင်ငံတကာလေယာဉ်ပြပွဲ၌ ရုရှားဂျက်တိုက်လေယာဉ်များ ပါဝင်ပြသနိုင်ရေးအတွက် အီရန်ဝေဟင်ပိုင်နက်ကို ယင်းရုရှားဂျက်တိုက်လေယာဉ်များ ပျံသန်းခွင့်ပြုလိုက်ကြောင်း ရုရှားဝက်ဘ်ဆိုက်တွင် သတင်းဖော်ပြထားသည်။

ဆု-၂၇ဖလန်ကာ တိုက်လေယာဉ်ကို အီရန်ဝေဟင်ပိုင်နက်မှတစ်ဆင့် ဘာရိန်းနိုင်ငံသို့ ပျံသန်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မော်စကိုမြို့ရှိ အီရန်သံရုံးအရာရှိတစ်ဦးက ပြောကြားသည်ကို အာအိုင်အေနိုဗော့စတီ သတင်းဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ကိုးကားဖော်ပြသည်။

ငြင်းပယ်

ဘာရိန်းနိုင်ငံတကာ လေယာဉ်ပြပွဲ (ဘီအိုင်အေအက်စ်) ၂၀၁၀တွင် ရုရှားလေယာဉ်ပါဝင်ပြသရေးအတွက် အီရန်ဝေဟင်ပိုင်နက်ကို အီရန်နိုင်ငံက အသုံးပြုခွင့်ပေးရန် ယခင်က ငြင်းပယ်ခဲ့သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ (အင်တာနက်)

ကယ်လီဖိုးနီးယား၌ မုန်တိုင်းတိုက်ခတ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် ပြီးခဲ့သည့်သုံးရက်အတွင်းက မုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

ပြိုလဲ

သေဆုံးသူနှစ်ဦးမှာ လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲစဉ် ပိမိကာ သေဆုံးခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ကျင်းပသည့် အကြိမ်(၃၀)မြောက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်အတွင်း ပြသထားသော ရွက်လှေပုံစံငယ်များကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ လုံခြုံရေးတိုးမြှင့်လုပ်ဆောင်

ရာမာဒီ ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံ အန်ဘာပြည်နယ် ရာမာဒီမြို့ရှိ အစိုးရအဆောက်အအုံများတည်ရှိရာနေရာကို လုံခြုံရေးတိုးမြှင့်မှု အစီအစဉ်တစ်ရပ်အနေဖြင့် လုံခြုံရေးကင်မရာများတပ်ဆင်ကာ ရဲတပ်ဖွဲ့ဝင်များက စောင့်ကြည့်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ဟု ဒေသတွင်းမီဒီယာများက ဇန်နဝါရီ ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။

ပါဝင်

လုံခြုံရေးတိုးမြှင့်မှုအစီအစဉ်တွင် မြို့တော်ခန်းမ၊ ပြည်နယ်ကောင်စီရုံး၊ ရဲဌာနချုပ်နှင့် အခြားဌာနများလည်း ပါဝင်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

(အင်တာနက်)

အစ္စရေးနှင့်အီဂျစ်တို့ ဂါဇာကိုပိတ်ဆို့မှု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ပြစ်တင်ဝေဖန်

လန်ဒန် ဇန်နဝါရီ ၂၁

အစ္စရေးနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့က ဂါဇာကမ်းမြောင်ဒေသကို အချိန်ကာလကြာမြင့်စွာပိတ်ဆို့သဖြင့် ဂါဇာကမ်းမြောင်ဒေသခံပြည်သူများကို ပူးပေါင်းဒဏ်ခတ်နေကြသည်ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(အေအိုင်)က ဇန်နဝါရီ ၁၈ရက်တွင် ပြစ်တင်ဝေဖန်လိုက်သည်။

ယင်းကဲ့သို့ ဂါဇာကမ်းမြောင်ဒေသအား ဝိုင်းဝန်းပိတ်ဆို့ထားခြင်းသည် ပူးပေါင်းဒဏ်ခတ်ခြင်းဖြစ်ကြောင်း၊ ယင်းဝိုင်းဝန်းပိတ်ဆို့မှုကို ချက်ချင်းရပ်သိမ်းပေးရမည်ဖြစ်ကြောင်းဖြင့် အေအိုင်အဖွဲ့၏ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကရေးရာ ညွှန်ကြားရေးမှူးမာလ်ကွန်စမတ်က ကြေညာချက်တစ်ရပ်ထုတ်ပြန်ကာ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ပိတ်ပင်အရေးယူ

ဗြိတိန်နိုင်ငံအခြေစိုက်အေအိုင်အဖွဲ့က ဆက်လက်ပြောကြားရာတွင် ပါလက်စတိုင်းတို့က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ယင်းသို့ ပိတ်ပင်အရေးယူခြင်းမျိုး မဖြစ်သင့်ကြောင်း ထည့်သွင်းပြောကြားသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိကုန်တိုက်၌ ဒုံးကျည်ထိမှန်သဖြင့် မီးလောင်နေသည်ကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဂရိရေနံတင်သင်္ဘော ဓားပြများလက်မှလွတ်မြောက်လာ စံချိန်တင်လောက်အောင်ငွေပေး၍ ပြန်ရွေးခဲ့ရဟုဆို

မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၁

ဆိုမာလီပင်လယ်ဓားပြများသည် ရေနံစည်ပေါင်းနှစ်သန်းတင်ဆောင်လာသည့် ဂရိရေနံတင်သင်္ဘောကို ပြန်ပေးဆွဲထားရာမှ စံချိန်တင်လောက်အောင် ပြန်ရွေးငွေရရှိသဖြင့် အဆိုပါသင်္ဘောကို ဇန်နဝါရီ ၁၈ ရက်တွင် ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ပင်လယ်ရေကြောင်းအရာရှိများက သတင်းထုတ်ပြန်သည်။

သတင်းပေး

မိမိတို့အနေဖြင့် မပြေလည်မှုများ ကျေလည်အောင်ဖြေရှင်းရာတွင် သဘောတူညီချက်ရရှိပြီးနောက် အဆိုပါသင်္ဘောကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ထိုသင်္ဘောသည် ပြန်လွှတ်လာပြီဖြစ်၍ လိုရာခရီးသို့ ပြန်လည်ခုတ်မောင်းသွားပြီဖြစ်ကြောင်း ဟက်ဆန်ဆိုသူ ပင်လယ်ဓားပြက ရိုက်တာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် သတင်းပေးသည်။

လွတ်မြောက်

သင်္ဘောသားများအားလုံး အန္တရာယ်ကင်းစွာ လွတ်မြောက်သွားကြပြီဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ အဆိုပါသင်္ဘောတွင် သင်္ဘောသား ၂၈ ဦးလိုက်ပါလာကြောင်း၊ သင်္ဘောအမည်မှာ မာရန်စင်တောရပ်စ်**(အောက်ပုံ)**ဖြစ်ကြောင်း၊ သင်္ဘောသားများမှာ ဖိလစ်ပိုင် ၁၆ ဦး၊ ဂရိ ကိုးဦး၊ ယူကရိန်းနှစ်ဦးနှင့် ရိုမေးနီးယားသင်္ဘောသားတစ်ဦးတို့ဖြစ်ကြကြောင်း သိရသည်။

ပင်လယ်ဓားပြများကို ပေးရသည့်ပြန်ရွေးငွေမှာ ယခင်ကနှင့်စာလျှင် အများဆုံးဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းနှင့် ၇သန်းကြားရှိမည်ဟု မှန်းဆရကြောင်းလည်း ပင်လယ်ရေကြောင်း အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ယူကရိန်းဆေးရုံ၌ ပေါက်ကွဲမှုဖြစ်ပွား ငါးဦးထက်မနည်းသေဆုံး

ကီယက်ဗ် ဇန်နဝါရီ ၂၁

ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ဆေးရုံတစ်ရုံ၌ ဇန်နဝါရီ ၁၈ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားသဖြင့် ကြမ်းခင်းများ ပျက်စီးသွားပြီး ငါးဦးထက်မနည်း သေဆုံးသွားသည်။

ပေါက်ကွဲ

ယူကရိန်းနိုင်ငံ လူဂန့်စ်မြို့ဆေးရုံ၌ ဓာတ်ငွေ့အိုး မတော်တဆပေါက်ကွဲသွားခြင်းဖြစ်ကြောင်း ယူကရိန်းအရေးပေါ်ဝန်ကြီးဌာနက ဇန်နဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှာဖွေ

ယင်းဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် ဆေးရုံအထပ် ၁၁ ထပ်ရှိ အရေးကြီးလူနာများအခန်း ပျက်စီးသွားရကြောင်း၊ အခန်းအတွင်း ပိတ်မိနေသည်ဟုယူဆရသော လူခုနစ်ဦးထက်မနည်းကို ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးများကြားမှ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

သွားရောက်စစ်ဆေး

ယူကရိန်းဝန်ကြီးချုပ် ယူလီယာတီမိုရှင်ကိုသည် အခင်းဖြစ်ပွားရာ လူဂန့်စ်မြို့သို့ ဇန်နဝါရီ ၁၈ရက်က သွားရောက်စစ်ဆေးခဲ့သည်။ လူဂန့်စ်မြို့သည် ရုရှားနယ်စပ်နှင့် ကပ်လျက်ရှိသည်။

(အင်တာနက်)

မူးယစ်ဆေးဝါးထုတ်လုပ်မှု အမြစ်ပြတ်ချေမှုန်းရန် ရုရှားအေဂျင်စီတိုက်တွန်း

မော်စကို ဇန်နဝါရီ ၂၁

အာဖဂန်နိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုကို အလျင်အမြန် အမြစ်ပြတ်ချေမှုန်းသုတ်သင်ရမည်ဖြစ်ကြောင်း ရုရှားထိပ်တန်းမူးယစ်တိုက်ဖျက်ရေးအေဂျင်စီက ဇန်နဝါရီ ၁၈ရက်တွင် တိုက်တွန်းလိုက်သည်။

အာဖဂန်မူးယစ်ဆေးဝါးထုတ်လုပ်မှုပြဿနာအား အခြေခံကျကျဖြေရှင်းမှုကို ချက်ချင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေး ညွှန်ကြားရေးမှူး ဗစ်တာအိုင်ဗာနော့ဗ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

မြင့်တက်

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့် ရှစ်နှစ်အတွင်း ဘိန်းဖြူထုတ်လုပ်မှုမှာ အဆ ၄၀ ခန့်တစ်ရှိန်ထိုး မြင့်တက်လာခဲ့ပြီး ယခုအချိန်တွင်မူ ပြီးခဲ့သည့် ၁၀ နှစ်ကထက် နှစ်ဆမြင့်တက်လာကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဓာတ်ငွေ့ ဖိသိပ်စက်များ အီရန်တွင် တပ်ဆင်အသုံးပြု

တီဟီရန် ဇန်နဝါရီ ၂၁

အီရန်နိုင်ငံသည် တာဘိုဓာတ်ငွေ့ဖိသိပ်စက်(ကွန်ပရက်ဆာ) အလုံး ၁၀၀ကို အီရန်နိုင်ငံ၌ ထုတ်လုပ်တပ်ဆင်အသုံးပြုသွားရန် ဂျာမနီနိုင်ငံနှင့် ယူရိုတစ်ဘီလီယံတန်ဖိုးရှိသည့် ဓာတ်ငွေ့ကန်ထရိုက်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အီရန် သဘာဝဓာတ်ငွေ့ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အီရန်ဓာတ်ငွေ့အင်ဂျင်နီယာနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

ပြောကြား

အဆိုပါဓာတ်ငွေ့ဖိသိပ်စက် (ကွန်ပရက်ဆာ)ကို တပ်ဆင်အသုံးပြုရာတွင် အီရန်နိုင်ငံ ပဉ္စမဖွံ့ဖြိုးရေးစီမံကိန်း ၂၀၁၀-၂၀၁၅ ပြီးဆုံးသည့်အချိန်အထိ ကြာမည်ဟုလည်း အဆိုပါဂျာမနီကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

(အင်တာနက်)

ကဏ္ဍသုံးရပ် ရင်းနှီးမြှုပ်နှံရန် ဘိုလီးဗီးယားနှင့်အီးယူ သဘောတူညီ

လာပက်ဇ် ဇန်နဝါရီ ၂၁

ဘိုလီးဗီးယားအစိုးရနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့သည် အစားအစာ၊ သတ္တုရှာဖွေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၅၀ဒသမ ၃မီလီယံ ရင်းနှီးမြှုပ်နှံသည့်စာချုပ်ကို ဇန်နဝါရီ ၁၉ရက်က သဘောတူလက်မှတ်ရေးထိုးကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထောက်ပံ့မည်

အဆိုပါ သဘောတူစာချုပ်ကို ဘိုလီးဗီးယားသတ္တုတွင်းဝန်ကြီးနှင့် ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့အကြီးအကဲတို့ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ယင်းသဘောတူစာချုပ်အရ သတ္တုတွင်းကဏ္ဍတွင် အီးယူက အမေရိကန် ဒေါ်လာ ၁၄ဒသမ၃သန်းနှင့် ဘိုလီးဗီးယားအစိုးရက အမေရိကန်ဒေါ်လာ ၄ဒသမ၃သန်းကို ရင်းနှီးမြှုပ်နှံရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွင် အီးယူက အမေရိကန်ဒေါ်လာ ၁၅ဒသမ၇သန်းနှင့် ဘိုလီးဗီးယားအစိုးရက ၄ဒသမ၇သန်းကိုလည်းကောင်း ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ပြီး အစားအစာကဏ္ဍ၌ အီးယူက အမေရိကန်ဒေါ်လာ ၁၁ဒသမ၁သန်း ထောက်ပံ့မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ရှန်ဟဲကမ္ဘာ့ကုန်စည်ပြပွဲ၌ ပြင်သစ်ပါဝင်မည်

ပြင်သစ်နိုင်ငံ ပြပွဲကျင်းပရေးဗျူရို (အက်ဖ်အီးဘီ)သည် ၂၀၁၀ခုနှစ် မေ ၁ရက်တွင်ကျင်းပမည့် ရှန်ဟဲကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ပြသရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ယင်းရှန်ဟဲကုန်စည်ပြပွဲကျင်းပရန် ရက်၁၀၀သာလိုတော့ကြောင်း ဆင်ဟွာကဖော်ပြသည်။

နေတိုးနှင့်ရုရှား စစ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးမည်

ရုရှားနှင့် ဂျော်ဂျီယာနိုင်ငံတို့ ၂၀၀၈ခုနှစ် ဩဂုတ်လတွင် စစ်ဖြစ်ပွားခဲ့ပြီးနောက် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (နေတိုး)နှင့် ရုရှားကာကွယ်ရေးဦးစီးချုပ်များသည် ဇန်နဝါရီ ၂၆ရက်တွင် ဘရပ်ဆဲလ်မြို့၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)မှ စစ်ရေးကော်မတီ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မက္ကဆီကိုအကျဉ်းထောင်၌ အဓိကရုဏ်းဖြစ်ပွား

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဒူရင်ဂိုအကျဉ်းထောင်တွင် ဇန်နဝါရီ ၂၀ရက်က အဓိကရုဏ်းဖြစ်ပွားသဖြင့် ၂၃ ဦးထက်မနည်းသေဆုံးပြီး လူ ၂၀ ကျော် ဒဏ်ရာရရှိသွားကြောင်း မက္ကဆီကိုနိုင်ငံ ရှေ့နေချုပ်ရုံးက သတင်းထုတ်ပြန်သည်။ သေဆုံးသူဦးရေ ပိုများလာနိုင်သည်ဟု သိရသည်။

တက္ကဆပ်ပြည်နယ်တွင် လေဆင်နှာမောင်းမွှေ့သွား

အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ် ဝက်စကွန်မြို့အနောက်ဘက်တွင် ဇန်နဝါရီ ၂၀ရက်က လေဆင်နှာမောင်းမွှေ့သွားသဖြင့် လူအများအပြားဒဏ်ရာရရှိပြီး လူနေအိမ်များ ပျက်စီးခဲ့ရကြောင်း ဝက်စကွန်ရဲတပ်ဖွဲ့အကြီးအကဲကပြောကြားသည်။ လေဆင်နှာမောင်းနှင့်အတူ မိုးသည်းထန်စွာရွာပြီး မိုးသီးများကျကာ မိုးကြိုးပစ်ရုံသာမက လေပြင်းများလည်းတိုက်ခတ်သွားသည်။ *(အပေါ်ပုံ)*

တရုတ်နှင့်အီးယူ စီးပွားရေးနှင့်ဘဏ္ဍာရေးဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့မှ အဆင့်မြင့်အရာရှိကြီးများသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာခါစအချိန်တွင် ယင်းတို့ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရန် ရည်ရွယ်ချက်ဖြင့် ဘရပ်ဆဲလ်မြို့တွင် ဇန်နဝါရီ ၂၀ရက်က စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမည်

ကမ္ဘာ့စီးပွားရေးသည် ၂၀၀၉ခုနှစ်က ၂ဒသမ၂ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ရာမှ ယခု ၂၀၁၀ခုနှစ်တွင် ၂ဒသမ၇ရာခိုင်နှုန်း တိုးတက်ကာ ၂၀၁၁ခုနှစ်တွင် ၃ဒသမ၂ ရာခိုင်နှုန်းတိုးတက်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာမှုသည် နှေးကွေးနေဦးမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ကမ္ဘာ့စီးပွားရေးအလားအလာနှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြသည်။

ပီရူးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်တက်မည်

ပီရူးနိုင်ငံတွင် ၂၀၀၉ခုနှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၂၈ဒသမ၁ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ဒသမ၄ဘီလီယံတိုးကာ ၆ဒသမ၂ဘီလီယံအထိ ရှိလာခဲ့ကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ(အန့်တက်)က ဇန်နဝါရီ ၂၀ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြသည်။

ဟေတီ၌ အင်အား ၆ဒသမ၁ရှိ မြေငလျင်ထပ်မံလှုပ်

ပြင်းထန်ဆိုးရွားသည့် မြေငလျင်ဒဏ်ခံခဲ့ရသော ဟေတီနိုင်ငံမြို့တော် ပို့အော်ပရင့်စ်တွင် ဇန်နဝါရီ ၂၀ရက် နံနက် ဒေသစံတော်ချိန် ၆နာရီ ၃မိနစ်က အင်အား ရစ်ချ်တာစကေး ၆ဒသမ၁ရှိ မြေငလျင်တစ်ခုထပ်မံလှုပ်သွားသည်။ သို့ရာတွင် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိဟု သိရသည်။

ဘိုလီးဗီးယားတွင် ယာဉ်တိုက်မှုဖြစ်၊ ၁၇ဦးသေဆုံး

ဘိုလီးဗီးယားနိုင်ငံတွင် ဇန်နဝါရီ ၁၉ရက်ညက ယာဉ်တိုက်မှုနှစ်မှု ဖြစ်ပွားခဲ့သဖြင့် ၁၇ဦးထက်မနည်းသေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိသွားကြောင်း ဘိုလီးဗီးယားနိုင်ငံ မတော်တဆမှုဆိုင်ရာဌာနခွဲက ဇန်နဝါရီ ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လားရှိုး-မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းရှိ ဟိုယတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် သီပေါတံတားတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး ဟိုယတံတား သတ်မှတ်အချိန်မီ ပြီးစီးရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီ ၁၉ရက် နံနက် ၁၀နာရီတွင် သီပေါမြို့ တိုးချဲ့ဆေးရုံသို့ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆေးရုံသစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အလှူငွေများပေးအပ်၍ ခွဲစိတ်ခန်းနှင့် ဝန်ထမ်းအိမ်ရာသစ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် သီပေါတံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လားရှိုး-မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းရှိ ဟိုယတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက တံတားတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် တန့်ယန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား စားသောက်ဖွယ်ရာများနှင့် အလှူငွေများကိုပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ညနေပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ဓမ္မာရုံ၊ စာကြည့်တိုက်၊ အိပ်ဆောင်နှင့် ထမင်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး သင်တန်းကျောင်း ရန်ပုံငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

COMMIT အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

သတ္တမအကြိမ် မဲခေါင်ဒေသတွင်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ဆက်လက်ကျင်းပရာ **(ယာပုံ)** တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကဏ္ဍအလိုက် သဘာပတိအဖြစ် အသီးသီးဆောင်ရွက်ကြပြီး မြန်မာနိုင်ငံက လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး လုပ်ငန်း၊ တရုတ်နိုင်ငံက လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံကိန်းအကောင်အထည်ဖော်ရေး၊ လာအိုနိုင်ငံက တားဆီးနှိမ်နင်းရေး ခိုင်မာတိုးတက်ရေး၊ ထိုင်းနိုင်ငံက လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးနှင့် ဗီယက်နမ်နိုင်ငံက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၌ COMMIT လုပ်ငန်းစဉ်၏ သက်ရောက်မှုများ ခေါင်းစဉ်တို့ဖြင့် တိုးတက်မှု အခြေအနေများကို အသီးသီး တင်ပြဆွေးနွေးကြသည်။

သဘောတူဆုံးဖြတ်

အစည်းအဝေးတွင် ၂၀၁၀ ခုနှစ် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ပြီး ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန်၊ အဋ္ဌမအကြိမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် တတိယအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၁၀ခုနှစ် ဒီဇင်ဘာတွင် ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်တို့ကို သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ် ခင်ရီက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေး ကျင်းပပြီးစီးသွားသည်။

သွားရောက်လေ့လာ

အစည်းအဝေးအပြီးတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ပုဂံ ရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရား၊ စေတီများနှင့် မြန်မာ့ရိုးရာယွန်းထည် လုပ်ငန်းများကို သွားရောက်ကြည့်ညို လေ့လာကြသည်။

ညှိနှိုင်း

ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် တရုတ်-ဗီယက်နမ်၊ မြန်မာ-တရုတ်၊ မြန်မာ-ထိုင်း၊ မြန်မာ-လာအို၊ ထိုင်း-လာအို၊ ဗီယက်နမ်-လာအိုစသည့် နှစ်နိုင်ငံချင်း တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေနီကျောက်စရစ်ခင်း

မကွေးတိုင်း ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် မြို့ပတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သတ္တုတွင်းဝန်ကြီးဌာနနှင့် ငွေခြသေ့်သတ္တုတူးဖော်ရေးကုမ္ပဏီတို့ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ငွေခြသေ့်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်တို့၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကြက်တိုက်ကွင်းဒေသ၊ ဂရက်နိုက် ကျောက်အကြီးစားထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် ညနေ ၄နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ငွေခြသေ့်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစန်းဝေနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ဂရက်နိုက် ကျောက်အကြီးစား ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် ငွေခြသေ့်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစန်းဝေက လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ငွေခြသေ့် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာတို့**(အပေါ်ယာပုံ)**က လုပ်ငန်းသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဝန်ကြီးဌာနခွင့်ပြုမိန့်ကို ပေးအပ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ငွေခြသေ့်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂရက်နိုက်ကျောက်အလှဆင်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ City Star Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူးဒေါက်တာ တင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသော စာပေမိတ်ဆွေများ၊ အလှူရှင် မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားပြီး အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အလှူရှင် ဦးခင်မောင်သိန်း-Susan Thein [စာရေးဆရာမ (စစ်ကိုင်းစိမ်းစိမ်း)] မိသားစုကိုယ်စား စာရေးဆရာမ(စစ်ကိုင်းစိမ်းစိမ်း)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် အလှူငွေကျပ် ကိုးသိန်း **(ဝဲပုံ)**၊ ဦးထင်ကြီး ဒစ်ဂျစ်တယ် စာကြည့်တိုက်အတွက် ရန်ပုံငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများက လက်ခံသည်။

ပြန်လည်ပြောကြား

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

TV Guide စာစောင် အတွဲ (၁)၊ အမှတ် (၂၉)ကို ဇန်နဝါရီ ၂၂ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

ယင်း TV Guide စာစောင်တွင် ခေတ်လူငယ်လေးများ Club သွားရန်မလိုဘဲ မိမိအိမ်၌ အဆင်သင့်နားဆင်ပြီး ကခုန်နိုင်မည့် MTV Club အစီအစဉ်အကြောင်း၊ ကမ္ဘာတစ်ဝန်း ထိပ်ဆုံးရောက်နေသည့် Lady Gaga ရဲ့ Bad Romanace ဂီတဗီဒီယိုနှင့် ဆိုးလ်မြို့အကြောင်း၊ နှစ်ဖွဲ့ပေါင်းသီဆိုထားသည့် Super Junior နှင့် Girl Generation အဖွဲ့တို့၏ ဂီတဗီဒီယို ထုတ်လွှင့်နေသည့် အစီအစဉ်အကြောင်း၊ မြန်မာစာတန်းထိုးရုပ်ရှင်များ စတင်ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ မြန်မာစာတန်းထိုး၍ ပြသမည့် Direct Contact, Hero Wanted, My Sassy Girl, Righteous Kill စသည့်ကားများ ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည့် စတုတ်စီးတီး-အာဆင်နယ်၊ တော့တင်ဟမ်-လိဒ်ယူနိုက်တက်တို့၏ စတုတ္ထအဆင့် FA ပွဲကြိုများ၊ ဗုဒ္ဓဟူး၊ ကြာသပတေးကြားရက်များ၌ ကစားကြမည့် ဝုဒ်-လီဗာပူး၊ တော့တင်ဟမ်-ဖူလ်ဟမ်၊ ဗီလာ-အာဆင်နယ်၊ ချယ်လ်ဆီး-ဘာမင်ဂမ် စသည့် EPL ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Animal Planet ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့် ပြသမည့် Orangudan Island, Austin Stevens Adventures စသည့်အစီအစဉ်များ၊ Travel &Living ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့် ပြသမည့် Jamie at Home 2, World Cafe Asia စသည့် အစီအစဉ်အကြောင်း၊ အစီအစဉ်အားလုံးကို မြန်မာစာတန်းထိုးဖြင့် ပြသနေသော NGC ရုပ်သံလိုင်း၏ စိတ်ဝင်စားဖွယ် အစီအစဉ်များ၊ Discovery ရုပ်သံလိုင်း၌ မြန်မာစာတန်းထိုးဖြင့် ပြသမည့် Man Vs Wild,Extreme Engineering 4 စသည့်အစီအစဉ်များနှင့် ချစ်သူပုံပြင် စီးရီးသစ်အညွှန်းကို ထုတ်လွှင့်ပေးမည့် Mandalay FM, FMF Selection, မိုးမိုး၊ ထူးအယ်လင်း၊ မေသူခိုင်တို့ ပါဝင်ထားသည့် FMF, အမျိုးသမီးများနှင့် ထူးထူးခြားခြားတင်ဆက်ထားသည့် စကားနပန်းအစီအစဉ်များပါဝင်ပြီး အခြားပါဝင်နေကျ ကဏ္ဍများ၏ တစ်ပတ်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

စစ်ကိုင်းတိုင်း ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ သုတိလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေနှင့် လမ်းနေပြည်သူထည့်ဝင်ငွေပူးပေါင်း၍ လမ်းအရှည် ပေ၄၀၀၊ အကျယ် ၁၂ပေ ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမျိုးမင်းစိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အဋ္ဌနာဋိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဆရာတော် အရှင်ပုညာနန္ဒ** ဟောကြားတော်မူသော တရားတော်
၆:၅၀	ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘောင်တော်မှာ
၇:၀၀	MRTV-4 သတင်း
၇:၄၅	Science Tech Today
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀	Sports World (Cage War)
၈:၅၅	**အမေ့ကျေးဇူးဆပ်ဖူးချင်တယ်** ရုပ်ရှင်ကားကြီးကန်တော့ပွဲ အခမ်းအနား
၉:၁၀	Activities in the City (ဆွမ်းအောင်ပွဲနှင့် စာရေးတံမဲ လောင်းလှူပွဲ)
၉:၂၅	Movie Talk ဒါရိုက်တာ-ကြည်စိုးထွန်း၊ အောင်လွင်(အပိုင်း-၃)
၁၀:၂၀	သနပ်ခါးနှင့်ထပ်တူ
၁၀:၃၀	မန်းရွှေစက်တော်မှ ခြေတော်ရာဦး ဖူးရအောင်
၁၀:၄၅	Say it in English
၁၀:၅၅	ဖက်ရှင်လမ်းညွှန် (2010 Calendar)
၁၁:၁၅	နလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၁၁:၄၅	VJ Choice
၁၂:၁၀	Activities in the City (ဆွမ်းအောင်ပွဲနှင့် စာရေးတံမဲ လောင်းလှူပွဲ)
၁၂:၃၀	ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း
၁၂:၃၅	အေးချမ်းသာလ....ဝါဠုက
၁:၀၀	**ဆရာတော် အရှင်ပုညာနန္ဒ** ဟောကြားတော်မူသော တရားတော်
၂:၀၀	MRTV-4 သတင်း
၂:၄၅	World of Knowledge (Ape Genius)
၃:၄၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၀၅	သနပ်ခါးနှင့်ထပ်တူ
၄:၁၅	နလုံးသားနှင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၄:၄၀	**အမေ့ကျေးဇူးဆပ်ဖူးချင်တယ်** ရုပ်ရှင်ကားကြီး ကန်တော့ပွဲ အခမ်းအနား
၅:၀၀	သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် ခင်လှိုင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	လှပသစ်ဆန်း အလှပြင်ခန်း [Ko Shan (အောင်ပန်း)မိတ်ကပ်၊ ဆံပင်]
၆:၃၅	ဖက်ရှင်လမ်းညွှန် (2010 Calendar)
၆:၅၅	Press Conference and Introduction of Safety Secure Latest Technology 2010
၇:၁၀	FMF Selection
၇:၄၀	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Royal Modern FURNITURE)
၈:၀၀	MRTV-4 သတင်း
၈:၃၀	VJ Choice
၉:၀၀	သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်ခင်လှိုင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၀၀	Science Tech Today
၁၀:၁၅	လှပသစ်ဆန်း အလှပြင်ခန်း [Ko Shan (အောင်ပန်း)မိတ်ကပ်၊ ဆံပင်]
၁၀:၃၀	Press Conference and Introduction of Safety Secure Latest Technology 2010
၁၀:၄၀	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Royal Modern FURNITURE)
၁၀:၅၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၁၅	ရဲယိုနှင့် ကျန်းမာရေး
၁၁:၂၀	မန်းချောင်းတံတား
၁၁:၃၀	**အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီ ဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
၁၁:၄၀	ကဏ္ဍစုံလင်အားကစား အစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ပိုင်းဒေသများတွင် ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ဒီဂရီစင်တီဂရိတ်စီနှင့် မချမ်းဘောမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။

ဇန်နဝါရီ ၂၂ ရက် ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ပူတာအိုမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ပူတာအိုမြို့နယ် ထဝါဒမ်းကျေးရွာနှင့် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာတို့ကို ဆက်သွယ်မည့် မလိခမြစ်ကူး(ကောင်းမှုလုံ) ဂျစ်ကားကူးကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့နယ် ထဝါဒမ်းကျေးရွာနှင့် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာတို့ကို ဆက်သွယ်မည့် မလိခမြစ်ကူး(ကောင်းမှုလုံ) ဂျစ်ကားကူးကြိုးတံတား တည်ဆောက်ပြီးစီးမှု၊ ပင်မကြိုးတင်စင်တိုင်နှင့် ပင်မကြိုးချည်ခုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပူတာအိုမြို့နယ် ပင်စင်ရွာရှိ သီးနှံဥယျာဉ်နှင့် လက်ဖက်စိုက်ခင်းကိုလည်းကောင်း၊ ပူတာအိုဒေသ၏ သဘာဝပတ်ဝန်းကျင်ရှိ နှင်းဖုံးတောင်တန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပူတာအိုမြို့နယ် ဒုတွန်ရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် နည်းပညာအထက်တန်းကျောင်း (ပူတာအို) သို့ရောက်ရှိပြီး သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ပူတာအိုမြို့နယ်ရှိ စံပြနွားမွေးမြူရေးခြံအတွင်း ဆေးဝါးနှင့် အစာများ ခင်းကျင်းပြသထားမှု၊ နွားရုံများ တည်ဆောက်ထားရှိမှုနှင့် နွားခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုးတံတားကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပူတာအိုမြို့နယ် မူလာရှီးဒီး ကျေးရွာရှိ မလိခဟိုတယ်၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ (မူလာရှီးဒီး)၏ စာသင်ဆောင် တည်ဆောက်ပြီးစီးမှု၊ ပူတာအိုမြို့နယ် မူလာရှီးဒီး ဂျစ်ကားကူး ကြိုးတံတား ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေ၊ မူလာရှီးဒီးကျေးရွာအုပ်စုရှိ သုတေသန စိုက်ခင်း၊ မူလာရှီးဒီးကျေးရွာ၌ တည်ဆောက်မည့် (၂၅)ခုတင်ဆံ့ ဆေးရုံမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပူတာအိုမြို့နယ်၌ တည်ဆောက်မည့် အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် အစိုးရစက်မှု လက်မှုသိပ္ပံ(ပူတာအို) တည်ဆောက်ရေး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ကျောင်းတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပူတာအိုမြို့နယ် လက်ဖက် သုတေသနပျိုးခြံ၌ လက်ဖက်နှင့် အခြား သီးနှံများ စမ်းသပ်ပျိုးထောင် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လက်ဖက်နှင့် အခြား သီးနှံများ စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆွေးနွေးမှာကြားပြီး တက်ရောက်လာသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပေးအပ်

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပူတာအိုတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် တပ်ဖွဲ့ဝင် မိသားစုများအားတွေ့ဆုံ၍ တပ်ဖွဲ့ဝင် မိသားစုများအတွက် လက်ဆောင် ပစ္စည်းများပေးအပ်ပြီး တက်ရောက်လာကြသည့် တပ်ဖွဲ့ဝင်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျော်ဖုံးမှ*

ဖွင့်ပွဲတွင် ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးဝင်းလှိုင်က လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းပြီး ဂန့်ဂေါမြို့နယ် စည်ပင်သာယာရပ်ကွက်မှ ဦးဝင်းမြင့်မောင်က ကျေးဇူးတင်စကားပြောကြား၍ ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးမောင်မောင်လွင်တို့က အဆိုပါ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြကာ ခရိုင်အင်ဂျင်နီယာမှူးက လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ပိုမိုအဆင်ပြေ

ထို့နောက် တိုင်းဥက္ကဋ္ဌသည် လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အဆိုပါလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ဂန့်ဂေါမြို့ဝင်ဖြတ်လမ်း ပြီးစီးပြီဖြစ်သည့်အတွက် အဆိုပါလမ်းသည် ဒေသခံပြည်သူများ ဂန့်ဂေါမြို့သို့ လျင်မြန်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်၍ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ ပိုမိုအဆင်ပြေ ဖွံ့ဖြိုးတိုးလက်လာစေမည်ဖြစ်ကြောင်း သိရသည်။

(၀၇၁)

ပုလုံးတုံးတုံးကမ်းခြေရှိ ဘန်ဂလိုများကို တွေ့ရစဉ်။

(သတင်းစဉ်)

❒ *ကျော်ဖုံးမှ*

ကျေးရွာ၏ မြောက်ဘက်နှင့် တောင်ဘက်တွင် ကပ္ပလီပင်လယ်၊ အရှေ့ဘက်တွင် ပါချန်မြစ်နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့နယ်၊ အနောက်ဘက်တွင် ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာတို့ ရှိပါသည်။ ပုလုံးတုံးတုံးကျွန်းကို လိပ်ကျွန်းဟု အမိပွာယ်ရကြောင်း သိရှိရသည်။ ယခုအခါ ပုလုံးတုံးတုံးကျေးရွာဟု အမည်တွင်ခဲ့ပြီး ၂၁-၈-၉၈ရက်မှစ၍ ကော့သောင်းမြို့နယ်၏ ကျေးရွာတစ်ခုအဖြစ် သတ်မှတ်ခဲ့ပါသည်။ ပုလုံးတုံးတုံးကျွန်းကျေးရွာသို့ ယခင်က လှေ၊ မော်တော်တို့ဖြင့် သွားရောက်ရပြီး ယခုအခါ ကော့သောင်းဘက်ကမ်းမှ ပေ ၂၆၉၀ရှည်သော သစ်သား တံတားကြီးနှင့် ပေ ၁၁၀ရှည်သော သစ်သား တံတားနှစ်စင်းကိုဖြတ်၍ သွားနိုင်ပြီ ဖြစ်သည်။ ယခုအခါ အဆိုပါ သစ်သား တံတားများအစား သံကူကွန်ကရစ်တိုင်များနှင့် မော်တော်ကားအသေးသွားနိုင်သည့် တံတား တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖြစ်သော်လည်း ကုန်းတွင်းပိုင်းရှိ ကျေးရွာများကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့ခဲ့ရပါသည်။ ပုလုံးတုံးတုံးကျေးရွာ ဥက္ကဋ္ဌ ဦးမျိုးကိုကိုအောင်က အနီးပတ်ဝန်းကျင်ရှိ သူဌေးကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ဂျလန်းကျွန်းတို့အကြောင်းနှင့် အခြားကျွန်းငယ်များအကြောင်းတို့ကို ရှင်းလင်းပြသ၍ ဗဟုသုတ တိုးပွားခဲ့ရသည်။

ပုလုံးတုံးတုံးကျေးရွာ ဥက္ကဋ္ဌ ဦးမျိုးကိုကိုအောင်က ဇာဒက်ကြီးကျွန်းအကြောင်း ဤသို့ ရှင်းပြခဲ့သည်။ (သတင်းစဉ်)

ပုလုံးတုံးတုံးကမ်းခြေ၏ မြင်ကွင်းအလှပသာဒ····။

(သတင်းစဉ်)

ဗဟုသုတတိုးပွားခဲ့

ပုလုံးတုံးတုံးကျွန်းတွင် အိမ်ခြေ ၈၃၀ နှင့် လူဦးရေစုစုပေါင်း ၄၈၂၂ ဦး နေထိုင်ကြပါသည်။ ပုလုံးတုံးတုံးကျွန်းကျေးရွာ၏ အထင်ကရ လူသိများသည်မှာ ချောင်းသာ၊ ငပလီ၊ ငွေဆောင်တို့ကဲ့သို့ အလွန်လှပသာယာသော ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းပင်ဖြစ်သည်။ သတင်းအဖွဲ့သည်လည်း ရောက်တုန်းရောက်ခိုက် ကျွန်းပေါ်ကျေးရွာအတွင်းနှင့် ကမ်းခြေသာယာတို့အား မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။ ပင်လယ်တွင်းရှိ ကျွန်းရွာလေး

ပုလုံးတုံးတုံးကျွန်းတွင် လယ်မြေ ၅၄ ဧက၊ တောင်ယာ ၆၁ ဧက၊ ဥယျာဉ်မြေ ၅၃၇ ဧက၊ ဓနိတောမြေ ဧက ၂၀ ရှိပြီး စပါး၊ ရော်ဘာ၊ ငရုတ်ကောင်း၊ ကြက်ဆူတို့ကို စိုက်ပျိုးကြသည်။ ပညာရေးကဏ္ဍအနေဖြင့် တွဲဖက်အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်း တစ်ကျောင်းရှိပြီး ကျန်းမာရေးကဏ္ဍအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခုနှင့် ပြင်ပဆေးခန်းနှစ်ခုရှိသည်။ ထို့အပြင် အခြားလူမှုရေးအသင်းအဖွဲ့များ၏ အဆောက်အအုံများကိုလည်း မြင်တွေ့ခဲ့ရသည်။

အပန်းဖြေ

သို့ပါ၍ မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းအငူရှိ ကော့သောင်းမြို့သို့ ရောက်ရှိခဲ့ပါလျှင် သာယာလှပသော ပုလုံးတုံးတုံးကျွန်းကမ်းခြေသို့ အရောက်သွား အပန်းဖြေနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

22-1 (07).pmd 1 1/22/2010, 2:08 AM

ဇန်နဝါရီ ၂၀ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် အစည်းအဝေးတက်ရောက်လာသည့် ဧည့်သည်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား ရာမာယဏဇာတ်တော်ဖြင့် ဖျော်ဖြေတင်ဆက်မှု တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့မှ လေကြောင်းခရီးဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ဧည့်သည်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြကာ ရွှေကျောင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် ဧည့်သည်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် မွန်းလွဲပိုင်းတွင် မြနန်းစံကျော် ရွှေနန်းတော်၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့သို့ သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုကြပြီး ရွှေချည်ထိုးလုပ်ငန်းများကို ကြည့်ရှုလေ့လာကြကာ ညပိုင်းတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဖျော်ဖြေတင်ဆက်သည့် ရာမာယဏဇာတ်တော်ကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ရာမာယဏဇာတ်တော် ကပြတင်ဆက်ပွဲသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီးတို့ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ ရှေ့ဖုံးမှ

ကတိုက်ရေလှောင်တမံသည် ကတိုက်ချောင်းပေါ်တွင်တည်ဆောက်ထားပြီး ရေဆင်းဧရိယာ ရှစ်စတုရန်းမိုင်ရှိကာ နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ ၅၉၀၀၀ရှိပြီး မြေသားတမံအမြင့်မှာ ၁၃၄ပေရှိပြီး တမံအလျားပေ ၅၂၀၀ရှိကာ ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုလျက်ရှိပေသည်။

ကျေးလက်ဒေသ

သို့ဖြစ်ရာ ပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံစေပြီး ဒေသအလိုက် စားနပ်ရိက္ခာဖူလုံခြင်း၊ အမျိုးသားအကျိုးစီးပွားရေး ခိုင်မာတောင့်တင်းလျက်ရှိပြီး စိုက်ပျိုးရေရရှိခြင်း၊ ရေဘေးကာကွယ်မှုနှင့် သောက်သုံးရေရရှိရေးတို့ကို ပြည်နယ်နှင့်တိုင်း ဒေသအနှံ့အပြားတွင် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ ကျေးလက်ဒေသ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

တိုးတက်မြင့်မား

ဤကဲ့သို့ မွန်ပြည်နယ်တွင် ကတိုက်ရေလှောင်တမံကြီး ဖွင့်လှစ်ပေးခဲ့၍ ဒေသခံကျေးလက်ပြည်သူများအနေဖြင့် ယခင်က မိုးကာလတွင် လယ်မြေများ ရေကြီးရေလွှမ်းသဖြင့် စွမ်းအားရှိသမျှ စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ရာမှ ယခုအခါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နေပြည်တော်၌ ရတနာသိဃ်ဟိုတယ် ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက် စက်ခလုတ်နှိပ်ဖွ

နေပြည်တော် ဇန်နဝါရီ ၂၁

ရွှေနဂါးမင်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် ရတနာသိဃ်ဟိုတယ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရာဇသင်္ဂဟလမ်းရှိ အဆိုပါ ဟိုတယ်ဥပစာ၌ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရော... စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဟိုတယ်ဖွင့်ပွဲ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ၊ ရွှေနဂါးမင်းကုမ္ပဏီဥက္ကဋ္ဌနှင့် ဟိုတယ်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ရွှေနဂါးမင်းကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က မင်္ဂလာအချိန်တွင် ရတနာသိဃ်ဟိုတယ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ရတနာသိဃ်ဟိုတယ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ပက်ဖျန်းပေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ရွှေနဂါးကုမ္ပဏီဥက္ကဋ္ဌတို့က ဟိုတယ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်... ဟိုတယ်... ကြသည်... ယ... ဟိုတယ်... ရွှေနဂါးမ...

နေပြည်တော် ဇန်နဝါရီ ၂၁

ကျန်းမာရေးဝန်ကြီးဌာန သူနာပြုနှင့် သားဖွားပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Nursing and Midwifery Educational Seminar) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ သူနာပြု/သားဖွားကောင်စီနှင့် မြန်မာနိုင်ငံ သူနာပြု/သားဖွားအသင်းတို့မှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ သူနာပြုနှင့်သားဖွား ကိုယ်စားလှယ် ဆရာမများနှင့် သင်ကြားရေးဆိုင်ရာ သူနာပြု/သားဖွား ဆရာမများ တက်ရောက်ကြသည်။

စနစ်တကျရေးဆွဲ

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ အမျိုးသားကျန်းမာရေး စီမံကိန်း၊ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက် နှစ်(၃၀) နှစ်ရှည်စီမံကိန်းတို့ကို စနစ်တကျရေးဆွဲပြီး နယ်စပ်ဒေသ၊ ကျေးလက်အစွန်အဖျားအပါအဝင် တစ်နိုင်ငံလုံးကို ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံမှုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ ပစ္စည်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို တစ်ပြိုင်နက်တည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထိရောက်စွာ သင်ကြားနာယူမှုပြုနိုင်သော ပညာရေးပတ်ဝန်းကျင်ဖြစ်စေရေး၊

သူနာပြုနှင့် သားဖွားပ... ဝန်ကြီး ဒေါက်တာ...

ခေတ်မီသင်ကြားရေး အထောက်အကူပစ္စည်းများ... ဖြည့်တင်းပေးခြင်း၊ ဆရာများတိုးချဲ့ခန့်ထားပေးခြ... သုံးသပ်ပြင်ဆင် အဆင့်မြှင့်တင်ခြင်း၊ အဆင့်မြ... ထရွှန်နစ် စာကြည့်တိုက်များထူထောင်ပေးခြင်းနှင့်... သင်ကြားနိုင်ရေးတို့ကိုပါ ဖြည့်ဆည်းစီမံဆောင်...

ထို့ကြောင့် သူနာပြုနှင့် သားဖွားဆရာမမျ... အမှန်တကယ် ဝါသနာပါခြင်း၊ မိမိ၏ပညာရပ်... ရှိခြင်း၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ... မိမိတတ်ကျွမ်းသောပညာရပ်ကို အစဉ်အမြဲ တိုးတ... ရှိးသားဖြောင့်မတ်၍ ကိုယ်ချင်းစာနာတတ်ခြင်း၊... အားထားမှုကိုခံယူထိုက်သည့် စိတ်ရင်းစေတနာရှိခြ... ပြည့်စုံကာ နေရာဒေသမရွေး သွားရောက်တာဝန်ထ... ကောင်းများဖြစ်ရန် အထူးလိုအပ်ပါကြောင်း၊ ထို့ကြ... ဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီရန် ပြုစုစောင့်... သည့် အရည်အချင်းများနှင့်ပြည့်စုံသည့် သားဖွား...

(၁၈) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

(၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှတပ်မှူးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင် (၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်အောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်အောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ၁၀ရက်က မြန်အောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)က အမှာစကားပြောကြားပြီး အမှုဆောင်ကော်မတီ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမြင့်စိုး (မြင့်မောင်စိုး)က လည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာကို ဘဏ္ဍာရေးမှူး ဦးအုန်းလှိုင် (ဟေမာန်-မြန်အောင်)ကလည်းကောင်း တင်သွင်းကြသည်။

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ အတွင်းရေးမှူး ဦးမြင့်စိုး(မြင့်မောင်စိုး)၊ ဘဏ္ဍာရေးမှူး ဦးအုန်းလှိုင် (ဟေမာန်-မြန်အောင်)နှင့် အမှုဆောင်များအဖြစ် ဦးဌေးအောင် (ချစ်ကောင်းလတ်-မြန်အောင်)နှင့် ဦးဗကြူ (ကာတွန်းနိုဗလ်-မြန်အောင်)တို့အားလည်းကောင်း၊ ညီလာခံကိုယ်စားလှယ်အဖြစ် အဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)အားလည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နာယကများအဖြစ် ဦးသိန်းသန်း (ကနောင်မောင်ဆန်းသစ်)၊ ဦးအေးကို (အောင်နေထွဏ်း-မြန်အောင်)နှင့် ဦးရဲဝင်း (ခုနစ်ပဲ-မြန်အောင်)တို့အားလည်းကောင်း ရွေးချယ်ကြပြီး အဖွဲ့ဥက္ကဋ္ဌက ရှေ့လုပ်ငန်းစဉ်များကို ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၂၃-၁-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(အင်္ဂုလိမာလသုတ်+ ဓာတ္တုဇ္ဈံသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (ပညာ)
၈း၅၀	တေးပဒေသာ
၉း၃၀	ဘဝအသွင်ကဗျာ့အမြင် (အပြုံးလက်ဆောင်) တေးပဒေသာ
၉း၄၅	အာဆီယံအစီအစဉ်
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် ကလေးများအတွက် ပုံပြင် မျက်ပြူးရဲ့ပိစိ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (ချစ်ကြရာဝယ်) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၃၂) တေးပဒေသာ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရွှေချည်ထိုးပညာ)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (ပဋ္ဌမတန်း-သိပ္ပံ) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	လေလှိုင်းကြားကပွဲတင်သံ
၁၇း၁၅	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ခေတ်မရွေးသောတေးများ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၅	Radio Internet(09)
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	တေးပဒေသာ
၁၉း၁၅	သူ့အကြိုက်သူ့အသွင် (ရီဝေယံ)
၁၉း၃၀	ကျန်းမာရေးရာ သိကောင်းစရာ (နှံ့သာဖြူရဲ့ဆေးအစွမ်း) တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ (၂၀) သိပ္ပံနှင့်နည်းပညာထွန်းကားမှု
၂၀း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀	ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၂၁း၁၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

...ပ်ဟိုတယ် ဖွင့်ပွဲအခမ်းအနား ကျင်းပ
...တက်ရောက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

...ပြည်တော် ဇန်နဝါရီ ၂၁

...သိဃ်ဟိုတယ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့ ...တ်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ ဟိုတယ်ဆိုင်းဘုတ်ကို

ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ရတနာသိဃ် ဟိုတယ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ရတနာသိဃ် ဟိုတယ် (နေပြည်တော်) စီမံကိန်းကို ရွှေနဂါးမင်းကုမ္ပဏီက တာဝန်ယူပြီး ၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် စတင်ဆောင်ရွက်ခဲ့ကာ စီမံကိန်း ဧရိယာအကျယ်အဝန်းမှာ စုစုပေါင်း ၃၇ဒသမ ၄၈ဧက ဖြစ်သည်။

အောင်မြင်စွာဖွင့်လှစ်နိုင်

စီမံကိန်းကို အပိုင်းသုံးပိုင်းခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းပထမပိုင်းအနေဖြင့် Main Gate၊ Reception၊ Restaurant၊ နှစ်ခန်းတွဲ Superior Suit ရှစ်လုံး၊ နှစ်ခန်းတွဲ Deluxe Suit လေးလုံးနှင့် Main Office တစ်လုံးအပါအဝင် အဆောက်အအုံ ၁၆လုံးကို တည်ဆောက်ခဲ့ပြီး ယနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

စီမံကိန်း ဒုတိယပိုင်းအနေဖြင့် ငါးထပ် အဆောက်အအုံဖြစ်သည့် Main Building နှင့် တတိယပိုင်း အနေဖြင့် Deluxe Suit ၁၆လုံး ၊ Superior Suit ၂၈လုံး စုစုပေါင်း ၄၄လုံးတို့ကို ဆက်လက်ဆောက်လုပ် သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် သူနာပြုနှင့် သားဖွားပညာရေးဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သူနာပြုနှင့် သားဖွားပညာရေးဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား
ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် အမှာစကားပြောကြား

ခေတ်မီသင်ကြားရေး အထောက်အကူပစ္စည်းများ အသုံးပြုသင်ကြားနိုင်ရေး ဖြည့်တင်းပေးခြင်း၊ ဆရာများတိုးချဲ့ခန့်ထားပေးခြင်း၊ သင်ရိုးညွှန်းတမ်းများကို သုံးသပ်ပြင်ဆင် အဆင့်မြှင့်တင်ခြင်း၊ အဆင့်မြှင့်ဓာတ်ခွဲခန်းနှင့် အီလက်ထရွန်နစ် စာကြည့်တိုက်များထူထောင်ပေးခြင်းနှင့် Internet ကို အသုံးပြုပြီး သင်ကြားနိုင်ရေးတို့ကိုပါ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် သူနာပြုနှင့် သားဖွားဆရာမများသည် မိမိ၏လုပ်ငန်းအား အမှန်တကယ် ဝါသနာပါခြင်း၊ မိမိ၏ပညာရပ်နယ်ပယ်အား စိတ်ဝင်စားမှုရှိခြင်း၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကိုလိုက်နာခြင်း၊ မိမိတတ်ကျွမ်းသောပညာရပ်ကို အစဉ်အမြဲ တိုးတက်အောင်လုပ်နိုင်စွမ်းရှိခြင်း၊ ရိုးသားဖြောင့်မတ်၍ ကိုယ်ချင်းစာနာတတ်ခြင်း၊ ပြည်သူလူထု၏ လေးစားအားထားမှုကိုခံယူထိုက်သည့် စိတ်ရင်းစေတနာရှိခြင်းစသည့် အရည်အချင်းများနှင့် ပြည့်စုံကာ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်ရန် အထူးလိုအပ်ပါကြောင်း၊ ထို့ကြောင့် ထောင်စုနှစ်ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီရန် ပြုစုစောင့်ရှောက်မှုပေးနိုင်သောလိုအပ်သည့် အရည်အချင်းများနှင့်ပြည့်စုံသည့် သားဖွားဆရာမများအား မွေးထုတ်ရန်လိုအပ်သည့်အတွက် သားဖွားဆရာမ သင်ရိုးညွှန်းတမ်းကို သုံးသပ်ပြင်ဆင်ပြောင်းလဲသင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာမြဦးက သူနာပြုနှင့်သားဖွား အရည်အသွေး ပြည့်ဝမှုရှိစေရေးနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သူနာပြုနှင့်သားဖွားပညာရေးနီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(သူနာပြု)ဒေါ်နွဲ့နွဲ့ခင်က သူနာပြုနှင့်သားဖွား သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးနှင့် သင်ယူမှုဆိုင်ရာ လက်ရှိအခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်စန်းရီက သူနာပြုနှင့် သားဖွားလုပ်ငန်း တာဝန်ခွဲဝေမှုနှင့် လက်ရှိကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နီးနှောဖလှယ်ပွဲကို ကျင်းပရာ အုပ်စုအလိုက် ဆွေးနွေးချက်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

...ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြား ...ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ပိတ်ပွဲ (သတင်းစဉ်)

Bitdefender Antivirus 2010 Brand Ambassador ခန့်အပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

Bitdefender Antivirus 2010 Brand Ambassador ခန့်အပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ကျင်းပရာ Global Technology Co.,Ltd. မှ ဒါရိုက်တာ ဦးမင်းဆွေလှိုင်နှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

အခမ်းအနားတွင် Global Technology Co., Ltd. မှ ဒါရိုက်တာ ဦးမင်းဆွေလှိုင်က Bitdefender Antivirus 2010 ၏ Brand Ambassador အဖြစ် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင် **(အပေါ်ယာပုံ)**အား ပေးအပ်ပြီး တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က နှုတ်ခွန်းဆက်စကား ပြောသည်။

ဆောင်ရွက်ပေး

Bitdefender Antivirus 2010 သည် ကမ္ဘာပေါ်ရှိ ကွန်ပျူတာ အသုံးပြုသူ အမြောက်အမြားက လက်ခံသုံးစွဲလျက်ရှိသည့် ကမ္ဘာ့အဆင့် နံပါတ်(၁) Software တစ်မျိုးဖြစ်ပြီး ကွန်ပျူတာအတွင်းသို့ ဝင်ရောက်နိုင်သည့် ဗိုင်းရပ်စ်များကို အထိရောက်ဆုံး နှိမ်နင်းပေးနိုင်သည့်အပြင် Bitdefender Antivirus Software ကို ဝယ်ယူသုံးစွဲသူ၊ ပြန်လည်ရောင်းချကြသူများအတွက် Bitdefender က ကျေးဇူးတုံ့ပြန်သောအားဖြင့် ကံထူးရှင်များ ရွေးချယ်၍ ၂၀၁၀ခုနှစ် မြန်မာနှစ်ဆန်း (၂)ရက်တွင် ဗန်ကောက်မြို့သို့ လေယာဉ်လက်မှတ်၊ နေထိုင်၊ သွားလာ၊ စားသောက်စရိတ်အခမဲ့ဖြင့် နှစ်ညအိပ် သုံးရက်ခရီး ပို့ဆောင်ပေးမည်ဖြစ်ပြီး Bitdefender သုံးစွဲသူများ အခက်အခဲရှိပါက အခမဲ့ ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ရရှိနိုင်

Bitdefender Antivirus 2010 Software ကို ဝယ်ယူလိုပါက Global Technology Co., Ltd. အဆောင်(၇) အခန်း(၁) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ် ပရိဝုဏ် အတွင်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၆၅၂၃၂၄၊ ၆၅၂၂၃၂နှင့် ၅၀၇၀၅၄၊ marketing@globalnet.com.mm၊ bdsales@globalnet.com.mm နှင့် www.globalnet.com.mm တို့တွင် ရရှိနိုင်သည်။ **(သတင်းစဉ်)**

အညောင်းလည်းပြေ အပန်းပြေ မိတ်ဆွေလည်းရ လမ်းလျှောက်ကြ

ကျန်းမာရေး သတင်းအက်ဆေး | ရေးသူ-ကျော်ကျော် (စက်မှုတက္ကသိုလ်)

ကိုယ်လက်လှုပ်ရှား အားကစားခြင်းသည် ကျန်းမာရေးအတွက် အရေးပါသည်။ ကုန်ကျစရိတ် အနည်းဆုံးသော အားကစားနည်းတစ်ရပ်မှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

ကြည်နူးလန်းဆန်း

လမ်းလျှောက်ခြင်းဖြင့် ပတ်ဝန်းကျင်ရှိ စိမ်းလန်းသော သစ်ပင်ဝါးပင်များ၊ တိုက်ခတ်သော လေပြည်လေညင်းကလေးများ၊ သစ်ပင်ပန်းပင်တို့မှ သင်းပျံ့သောရနံ့များကြောင့် လမ်းလျှောက်သူတို့၏စိတ်မှာ ပို၍ကြည်နူးလန်းဆန်းစေသည်။

လမ်းလျှောက်ခြင်းဖြင့် လောကီအကျိုးများသာမက လောကုတ္တရာ အကျိုးများလည်း ရနိုင်သည်။

မိမိတို့၏ တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်ရေးကို အခြေခံ၍ မိမိတို့မိသားစုမှသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တို့မှ နိုင်ငံအတွက် မြင့်မားသော ရည်ရွယ်ချက်များဖြင့် နေ့စဉ်ခြေကျင်လမ်းလျှောက်၍ အမျိုးသားကျန်းမာရေးကို တည်ဆောက်ကြရန် စည်းရုံးလှုံ့ဆော်ရမည်ဖြစ်သည်။

အသက်အရွယ်မရွေး

လမ်းလျှောက်ခြင်းအလေ့အထကို လူကြီးလူငယ် အသက်အရွယ်မရွေး မွေးမြူသင့်သည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကား များပြားလှသည်။ ကျန်းမာကြံ့ခိုင်ခြင်း၊ ရောဂါဘယပျောက်ကင်းချမ်းသာခြင်း၊ ကာကွယ်တားဆီးနိုင်ခြင်း၊ ခန္ဓာကိုယ် အချိုးအဆစ်ပြေပြစ်လှပ၍ အသားအရေကို စိုပြည်စေနိုင်ခြင်း၊ စိတ်ဓာတ်ခွန်အားကောင်းမွန်ခြင်း၊ သွေးသားညီညွတ်၍ နုပျိုလန်းဆန်းစေနိုင်ခြင်း၊ သက်လုံကောင်း၍ အမောခံနိုင်ခြင်း၊ အညောင်းအညာပြေစေခြင်း၊ အပေါင်းအသင်းမိတ်ဆွေများ တိုးပွားလာနိုင်ခြင်း၊ စိတ်ပျော်ရွှင်ကျန်းမာစေနိုင်ခြင်း စသည်တို့ကား လမ်းလျှောက်ခြင်း၏ အကျိုးတရားများပင်ဖြစ်သည်။

ဖယ်ရှားပေး

နေ့စဉ်မှန်မှန် လမ်းလျှောက်ခြင်းအားဖြင့် အညောင်းအညာ အကိုက်အခဲ ပြေစေ၏။ ပါးပြင်ရှိ သွေးကြောများ စိုပြည်နီမြန်းကာ ချောမွေ့လှပလာနိုင်စေ၏။ အစာကိုလည်း ကြေလွယ်စေ၏။ ပေါ့ပါးလျင်မြန်လာစေ၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေနိုင်၏။ ဝလွန်းသူများ အသားအရေ စစ်လာနိုင်ကာ ပိန်သူများလည်း ကျန်းမာပြည့်ဖြိုးနိုင်၏။ သွေးလည်ပတ်မှုကို ကောင်းမွန်စေရုံသာမက နှလုံးကြွက်သားများ သန်မာစေကာ ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို ဖယ်ရှားပေးနိုင်စွမ်းရှိသည်။

အကျိုးအာနိသင်

လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်ကို လက်တွေ့လမ်းလျှောက်ကြည့်မှ ပို၍သိနိုင်ပေမည်။ အသက်ရှူမဝခြင်း၊ ကိုယ်အလေးချိန်လွန်ကဲခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ လေဖြတ်ရောဂါဖြစ်ခြင်းတို့ကို ကြိုတင်ကာကွယ်နိုင်ပေသည်။ ကင်ဆာအကျိတ်အဖုများ ဖြစ်ပွားနှုန်း လျော့နည်းစေသည်။ စိုးရိမ်သောကကြောင့်ကြစိတ်များ လျော့ပါးစေသည်။ အစာကိုကြေညက်စေပြီး ဓာတ်ကြီးလေးပါးကို မျှတစေသည်။ ကိုယ်ခံစွမ်းအား မြင့်မားတိုးတက်စေသည်။ သွေးတိုးရောဂါရှိသူများလည်း သွေးလျော့စေနိုင်သည်။ သွေးအတွင်းမှ အဆီနှင့်သကြားဓာတ် ကျစေသည်။ အရိုးများ၊ ကြွက်သားများ သန်စွမ်းစေသည့်အပြင် နာတာရှည်ရောဂါများ၊ ဆီးရောဂါနှင့် ညောင်းညာကိုက်ခဲ ထုံကျဉ်ရောဂါများ ပျောက်ကင်းနိုင်ကြောင်း ဆေးပညာရှင်များက ထောက်ခံကြသည်။

ခြေလှမ်းကျဲကျဲနှင့် သွက်သွက်လက်လက် လျှောက်နိုင်သလောက် လျှောက်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ ခြေလှမ်းကျဲကျဲလှမ်း၍ လမ်းလျှောက်ခြင်းသည် အလွယ်ဆုံးနှင့် အကောင်းမွန်ဆုံးဖြစ်ပေသည်။

လေ့ကျင့်ခန်း

လမ်းလျှောက်ပြီးလျှင် ၁၀မိနစ်ခန့် အသက်ရှူလေ့ကျင့်ခန်းကို ပြုလုပ်သင့်သည်။ ရေကိုလည်း အဝသောက်ရမည်။ လမ်းလျှောက်ပြီး ရေနစ်ခွက်ခန့် အဝသောက်ခြင်းဖြင့် ဆီး၊ ဝမ်းမှန်စေကာ ခန္ဓာကိုယ်အညစ်အကြေးများ ကင်းစင်စေနိုင်သည်။ ထို့ပြင် တစ်နေ့တာ လုပ်ငန်းဆောင်ရွက်မှုများကို တက်တက်ကြွကြွနှင့် စိတ်ပါဝင်စားစွာ လုပ်ကိုင်လာနိုင်ကြောင်း သုတေသနပြုချက်များအရ တွေ့ရှိရသည်။

လမ်းလျှောက်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို စနစ်တကျ နေ့စဉ်မှန်မှန်ဆောင်ရွက်ခြင်းဖြင့် ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနှင့် ပြည့်စုံစေပြီး လူတစ်ဦးချင်းစီအတွက်သာမက နိုင်ငံတော် အကျိုးစီးပွားအတွက်ကိုပါ ပိုမိုကြီးပမ်း ဆောင်ရွက်သွားနိုင်ကြမည်သာ ဖြစ်သည်။

လူထုအားကစား

အချုပ်အားဖြင့်ဆိုရပါမူ အကျိုးကျေးဇူးများ အမှန်တကယ်ပေးစွမ်းနိုင်သည့် လမ်းလျှောက်အားကစားကို လက်တွေ့ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပေသည်။ ယခုအချိန်ကဲ့သို့ လူတစ်စုအားကစားမှ လူထုအားကစားအဖြစ် နိုင်ငံတော်က ဘက်စုံအားပေးနေချိန်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်အရ နိုင်ငံသားတိုင်းသည် မိမိတို့၏ အသိစိတ်ဓာတ်နှင့်အညီ ပါဝင်လှုပ်ရှား ဆောင်ရွက်သင့်ပေသည်။ သို့ဖြစ်ပါ၍-

"ကျန်းမာပြည့်စုံ အညောင်းလည်းပြေ
အရေးကြုံက အပန်းဖြေရင်း
သက်လုံလည်းကောင်း မိတ်ဆွေလည်းရ
အားသစ်လောင်း၍ လမ်းလျှောက်ကြ"

ဟူသော ကဗျာလေးဖြင့် လမ်းမှန်မှန်လျှောက်ဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။ ***(မြန်မာ့အလင်း)***

■ *ကျော့ဖုံးမှ*

လေ့လာဆန်းစစ်

အရက်ကို အတန်အသင့်သောက်ခြင်းနှင့် ကင်ဆာရောဂါ တစ်ကျော့ပြန်ဖြစ်ရန် ၃၀ရာခိုင်နှုန်း အလားအလာရှိမှုတို့ ဆက်စပ်နီးနွှယ်မှုရှိကြောင်း ရင်သားကင်ဆာရောဂါ သက်သာလာသူ အမျိုးသမီး ၁၉၀၀တို့ကို လေ့လာဆန်းစစ်ရာတွင် တွေ့ရသည်ဟုဆိုသည်။

သွေးဆုံးသူ သို့မဟုတ် အဝလွန်သူ အမျိုးသမီးများတွင် ထိုဆက်စပ်မှုမှာ ပိုမိုထင်ရှားကြောင်း ရှစ်နှစ်ကြာ သုတေသနပြုချက်အရ သိရသည်။

တိုက်တွန်းထား

ထို့ကြောင့် အရက်လုံးဝ မသောက်သုံးခြင်းကသာ ကင်ဆာရောဂါဖြစ်မည့်အန္တရာယ်ကို ရှောင်ရှားလိုသူများအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း သုတေသီများက အကြံပြုထားသည်။ ။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ကြီးပွားချမ်းသာရေးနှင့် ဘဝအဆင့်အတန်းမြင့်မားရေးနည်းလမ်းများ

လူမိုက်ဆိုရင် ရှောင်သွေလွဲလို့ မမှီဝဲနှင့် ကင်းအောင်နေ---

ပညာရှိကို အရှည်တွဲလို့မှီဝဲဆည်းကပ် နည်းယူစေ---

သုံးပါးရတနာ မိဘများနဲ့ ဆရာသမားကို ပူဇော်လေ----အစချီသော မင်္ဂလာတရားတော်ကဗျာကို မှတ်မိနေသေးသည်။ သင်ခဲ့ရသည်က နှစ်ပေါင်းလေးဆယ်ကျော်ကြာပြီဖြစ်၍ တစ်ပိုင်းတစ်စ ကွတ်တိကွက်ကျားသာ ရွတ်ဆိုနိုင်တော့သည်။

ငယ်ရွယ်စဉ်က ရွတ်ရဆိုရကောင်းသဖြင့် ကလေးပီပီ အော်ဟစ်ရွတ်ဆိုခဲ့သည်။

သို့ကြောင့်လည်း မင်္ဂလာတရားဟုဆိုလျှင် မစိမ်းပါ။ ရင်းနှီးကျွမ်းဝင်ပြီးသားဟု မှတ်ယူခဲ့သည်။ တစ်ဦးတစ်ယောက်ကများ ဟေ့--မင်း မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးကို သိလားလို့များ မေးလာခဲ့ရင် စိတ်တောင်ဆိုးလိုက်ဦးမည်။ ဟာ-သိပ်သိတာပေါ့-၊ ဘာလို့ မသိရမှာလဲ၊ ငယ်ငယ်ကတည်းက သင်ခဲ့ရတာဆိုပြီး လေသံခပ်မြင့်မြင့်ဖြင့် ပြောလိုက်မိမှာဖြစ်သည်။ သို့သော် မင်္ဂလာတရားတော်၏ လေးနက်မှု၊ အကျိုးကျေးဇူးကြီးမားမှုကိုတော့ သေသေချာချာ သိနားလည်ခဲ့ခြင်းမရှိပါ။

ယခုအချိန်တွင် မင်္ဂလာတရားတော်၏ လေးနက်မှုနှင့် အကျိုးကြီးမားမှုကို သိနားလည်နိုင်သည့်အရွယ်သို့ ချင်းနင်းဝင်ရောက်နေပြီဖြစ်သည်။

မင်္ဂလာတရားတော်ဟူသည် ကြီးပွားချမ်းသာခြင်း၏ အကြောင်းရင်းမှန်တရားများဖြစ်သည်။ ရှေးမြန်မာကြီးတို့သည် အဆိုပါ မင်္ဂလာတရားတော်များနှင့်ပင် နိုင်ငံကို ဖွံ့ဖြိုးစေခဲ့သည်၊ တိုးတက်စေခဲ့သည်၊ တည်ငြိမ်စေခဲ့သည်ဟု ယုံကြည်သည်။ ယင်းသို့ အာနိသင်ရှိသော မင်္ဂလာတရားတော်များကို သာမန်မျှလောက်သာ ရွတ်ဆိုရုံမျှလောက်သာ အာရုံမထားဘဲ ဘဝတိုးတက်မြင့်မားရေးအတွက်ပါ ကျင့်ကြံလိုက်နာ အသုံးပြုသင့်သည်ဟု ဆိုချင်ပါသည်။

မင်္ဂလာတရားတော်များကို သေချာစွာ လိုက်နာကျင့်သုံးလျှင် ရနိုင်သည့် အကျိုးက အများအပြားပင်ဖြစ်သည်။ ထိုအကျိုးများကို အစဉ်အလာအရ အနှစ်ချုပ်ကာ ဖော်ပြခဲ့ကြသည်မှာ -(၁)ဘေးကင်းစေသည်။ (၂)ရန်အပေါင်းကို ဖယ်ရှားအောင်မြင်စေသည်။ (၃)ဘဝအဆင့်အတန်း တစ်နေ့ထက်တစ်နေ့ မြင့်မားတိုးတက်စေသည်ဟူ၍ ဖြစ်သည်။

စင်စစ် ကျွန်တော်တို့အားလုံး သိတတ်သည့်အရွယ်မှစ၍ ယခုအချိန်တိုင်အောင် သင်ရ၊ မှတ်ရ၊ ဖတ်ရ၊ လေ့လာဆည်းပူးရဖြင့် မရပ်မနား လုပ်ဆောင်နေကြရခြင်း၏ ရည်မှန်းချက်သည် မည်သည့်ဝေါဟာရဖြင့် ဖော်ပြသည်ဖြစ်စေ အထက်ပါ အကျိုး(၃)ရပ်အတွင်း အကျုံးဝင်သော ရလဒ်များကို ခံစားရယူလိုသောကြောင့်ဖြစ်သည်။ ယင်းရလဒ်များကို ပေးစွမ်းနိုင်သည့် မင်္ဂလာတရားများကို လျစ်လျူရှုကာ ရလဒ်ကောင်းထွက်ရန် မသေချာသည့် ဖော်မြူလာများကို ဘဝတစ်လျှောက်လုံး အသုံးချရန် ကြိုးစားနေမိကြသည်။

မင်္ဂလာတရားတော်များ၏ အကျိုးကြီးမားမှုအတွက် ဘေးကင်းခြင်းဆိုသော အကျိုးတစ်ရပ်ဖြင့်ပင် သာဓကဆောင် ဖော်ပြလိုပါသည်။ လူသည် အခြားသူအပေါ် မှီခိုကြီးပြင်းရသော ဘဝအချိန်ပိုင်းများရှိသလို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ကာ လောကအတွင်းကျင်လည်ရသော ဘဝအချိန်ပိုင်းများလည်း ရှိသည်။ မှီခိုမှုသည် နုနယ်စဉ်အချိန်များအတွက်ဖြစ်သည်။ ရင့်ကျက်သူများကတော့ မိမိဘဝကို မိမိ ထိန်းကျောင်းရမည်ဖြစ်သည် လောကအတွင်း ကျင်လည်ရပြီဆိုကတည်းက (ပြုခဲ့သော ကံတရားအလျောက်) ဆင်းရဲသူ၊ ချမ်းသာသူ၊ အာဏာမဲ့သူ၊ အာဏာရှိသူ အစရှိသည့် လူမှုအဆင့် တစ်မျိုးမျိုးကို ပိုင်ဆိုင်ရမည်။

မြင့်မောင် (Phil-Q)

မည်သည့်လူမှုအဆင့်မျိုးဖြစ်စေ လူတို့သည် သူ့အဆင့်အလိုက် ဘေးများကို ကြုံတွေ့ရမည်သာ၊ မြန်မာပညာရှိကြီးတစ်ဦးဖြစ်သော လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက **“ဘေး”**နှင့်ပတ်သက်၍ ဖော်ပြခဲ့သည်။ ဤနေရာတွင် ပြန်လည်ကောက်နုတ် ဖော်ပြလိုသည်။

ဆင်းရဲသူတို့ကြုံတွေ့ရမည့် ဘေးဟူသည် **ကိုယ်-စိတ်နှစ်ပါး ပင်ပန်းနွမ်းရိခြင်းဘေး** ဖြစ်သည်ဟု ဆရာကဆိုသည်။ ဆင်းရဲသည့်အတွက်ကြောင့်ပင် အဆိုပါဘေးကို အခါမလပ် ရင်ဆိုင်နေကြရသည်။ ချမ်းသာသူများအတွက်လည်း ဘေးမကင်းပါ။ တွေ့ရမည့်ဘေးက **ရောဂါဘယ ဖိစီးနှိပ်စက်မှုဘေး** ဖြစ်သည်။ ထိုမျှမကသေးပါ မိမိနေဥစ္စာပစ္စည်းများကို လုယက်ဖျက်ဆီးခံရခြင်းဘေး၊ ယင်းတို့အတွက် စိုးရိမ်ပူပန်ရခြင်းဘေးများလည်း ရှိသေးသည်။

အာဏာရှိသူကိုလည်းဘေးက ရှောင်ကွင်းမသွားပါ။ ကြုံတွေ့နေရသည်သာဖြစ်သည်။ အထက်ပါဘေး သုံးမျိုးအပြင် **မိမိကိုယ်ကိုယ်မိမိ မကြည်ညိုနိုင်သည့်ဘေး၊ သူတစ်ပါးတို့ အထင်မြင်သေးစွာ ဆက်ဆံခံရသည့်ဘေး၊ မိမိပြုမိသည့် ဒုစရိုက်မှုများအလျောက် ခံယူရမည့်ဘေးနှင့် မကောင်းသောဘဝသို့ရောက်ရှိခြင်းဘေးဆိုသည့်** အကုသိုလ်ဒုစရိုက်များနှင့် စပ်ယှက်မိသဖြင့် ကြုံတွေ့ရမည့်ဘေးတို့လည်းရှိသည်။

မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးခြင်းဖြင့် ထိုသို့သောဘေးများ ကင်းစေသည်။ မိမိအား နှောင့်ယှက်ဖျက်ဆီးလာမည့် ရန်အပေါင်းတို့ကို ဖယ်ရှားအောင်မြင်စေသည်။ ဘဝအဆင့်အတန်း မြင့်သည်ထက် မြင့်မားစေသည်။ ထိုအကျိုးတရားတို့ကို လူတို့သည် ငယ်ရွယ်စဉ်အချိန်ကတည်းက ခံစားရသော် ပို၍ မကောင်းပါလား။ အများစုမှာ လွန်ရောမှ ရွတ်ဆိုမှုဖြင့်သာ အကျိုးဖြစ်ထွန်းရန် သတိရသည်။ သိရှိနားလည်အောင်လုပ်ပြီး အတိအကျ လိုက်နာရေးအတွက်မူ အားနည်းကြသည်။

လူတိုင်း အထူးသဖြင့် လူငယ်တိုင်းသည် မင်္ဂလာတရားတော်များကို လေ့လာသင်ယူကာ တိကျစွာလိုက်နာကျင့်သုံးရန် အထူးလိုအပ်သည်ဟု ဆိုချင်ပါသည်။ ထိုသို့ လိုက်နာကျင့်သုံးနိုင်ရေးအတွက် လူကြီးသူမများက လုပ်ဆောင်ပေးရမည်ဖြစ်သည်။ အဝန်းအဝိုင်းတစ်ခုမျှလောက်တွင် လေ့လာသင်ယူနေခြင်းထက် ကျယ်ကျယ်ပြန့်ပြန့် သင်ယူမှုဖြစ်အောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ လူငယ်လူရွယ်များကြားတွင် စိတ်ဝင်တစား ဆွေးနွေးရသည့် အသိပညာတစ်ရပ်အဖြစ် ရှေးယခင်ကကဲ့သို့ ပြန်လည်ပေါ်ထွက်လာရန် လိုအပ်နေသည်။ မင်္ဂလာတရားတော်လာ သင်ကြားချက်များကို ငယ်ရွယ်စဉ်အချိန်ကတည်းကသာ သိရှိသဘောပေါက် လိုက်နာနိုင်မည်ဆိုလျှင် လူငယ်များအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် လူချွန်လူမွန်များ ဖြစ်လာမည်မှာ ဧကန်မုချဖြစ်ပါသည်။

ဘာသာတရား၏သင်ကြားမှု အထူးသဖြင့် ဗုဒ္ဓဓမ္မလာ သင်ကြားမှုတို့သည် ငယ်ရွယ်စဉ်အချိန်များနှင့် မသက်ဆိုင်သေးဟု မှတ်ယူနေသူတို့ ရှိနေသည်။ ထိုသို့ မှတ်ယူလျှင် အမှားကြီးမှားသွားနိုင်ပါသည်။ **“ငယ်စဉ်အခါ ပညာရှာ”** ဆိုသောစကားမှ **ပညာ**ဟူသည် ကျောင်းသင် ဘာသာရပ်လောက်၊ သက်မွေးမှု ပညာလောက်ကိုသာ ဆိုလိုသည်မဟုတ်ပါ။ မြတ်ဗုဒ္ဓ၏ တရားတော်လာ သင်ကြားချက်များကိုလည်း အထူးရည်ညွှန်းကြောင်းသိရန် လိုအပ်သည်။ ဤပညာများသည်သာ အကျိုးပေးကြီးမားသော ပညာရပ်ဖြစ်သည်။ ကျောင်းသင်ပညာ၊ သက်မွေးပညာများကို တန်ဖိုးပိုတက်လာအောင် လုပ်ဆောင်ပေးမည့် ပညာဖြစ်သည်။ နောင် ဥစ္စာရှာဖွေရမည့်အရွယ်တွင် မိမိအလိုရှိသော ဥစ္စာကို သက်သောင့်သက်သာရှာဖွေနိုင်ရန် အထောက်အပံ့ဖြစ်စေမည့် ပညာဖြစ်သည်။ ယင်းပညာကို ငယ်ရွယ်စဉ်အချိန်ကတည်းက သိအောင် လေ့လာလိုက်နာ ကျင့်သုံးမှသာလျှင် အရွယ်ကောင်း၌ ကြီးပွားချမ်းသာမှု၊ ဘဝအဆင့်အတန်းမြင့်မားမှုကို တင်းပြည့်ကျပ်ပြည့်ခံစားနိုင်မည် ဖြစ်သည်။

လူငယ်လူရွယ်များ ထိုသို့ သိရှိလိုက်နာရေးအတွက်ဆိုလျှင် လက်ဦးဆရာများဖြစ်သော မိဘများနှင့် ငယ်နုစဉ် ပညာသင်ကြားပေးရသော ဆရာသမားများတွင် တာဝန်ရှိသည်။ မိဘဆရာတို့၏ တာဝန်သည် ပို၍အဓိကကျသည်။ အဘယ်ကြောင့်ဆိုသော် လူငယ်လူရွယ်များ မှန်ကန်သော ဖွံ့ဖြိုးတိုးတက်မှုရှိရေးအတွက် အတွေ့အကြုံကြီးမားသော မိဘဆရာသမား လူကြီးသူမတို့၏ မှန်ကန်သော လမ်းညွှန်မှုက အရေးပါအရာရောက်သည်။

လူငယ်လူရွယ်များ အမြင်ကျယ်လာစေရန် သူတို့၏ဘဝတက်လမ်းအတွက် သိသင့်သိထိုက်သည်များကို သိလာစေရန်၊ ထိုမှတစ်ဆင့် လုပ်သင့် လုပ်ထိုက်သည်များကို ယုံကြည်မှုရှိစွာ ရဲရဲဝံ့ဝံ့ လုပ်ဆောင်လာစေရန် မိဘ ဆရာသမား လူကြီးသူမတို့က လျော်ကန်သင့်မြတ်သော အစီအမံများချမှတ်ပေးရန် လိုအပ်သည်။ သို့ဖြစ်၍ မင်္ဂလာတရားတော်များကို လူငယ်လူရွယ်တို့ ကျင့်သုံးလိုက်နာမှု အားကောင်းလာစေရန် ပိုမိုအားထုတ် ဆောင်ရွက်သင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ ဇန်နဝါရီ ၁ရက်က ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူနှင့်စည်ပင် ပူးပေါင်းဆောင်ရွက်သည့် ဇောတိကလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးကြီးသိန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဦးမြို့နယ် မကျီးခွကျေးရွာ၌ ကုလားပဲသီးနှံ ကွင်းသရုပ်ပြပွဲကျင်းပ

ချောင်းဦး ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် မကျီးခွကျေးရွာအုပ်စု မကျီးခွကျေးရွာ တောင်သူ ဦးဇင်မင်း၏ လယ်ကွက်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကုလားပဲသီးနှံမျိုးသစ်ပွားများရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်း၍ ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းက ကုလားပဲသီးနှံ ကွင်းသရုပ်ပြပွဲကျင်းပသည်။

လက်တွေ့ပြသ

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစောလင်းက ကွင်းသရုပ်ပြပွဲဆောင်ရွက်ရသည့် အကြောင်းအရင်းနှင့် မျိုးသန့်ပွားများရေးအတွက် ဆောင်ရွက်ရပုံ အဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ဒုတိယမန်နေဂျာ ဒေါ်သန်းလှက စမ်းသပ်ကွက်ဆောင်ရွက်ထားပုံ ကုလားပဲမျိုးသစ်နမူနာများနှင့် အရည်အသွေးလက္ခဏာများကို လက်တွေ့ပြသသည်။

ဆွေးနွေး

ထို့နောက် ဇလုပ်မျိုးသန့်ခြံမှ ခြံတာဝန်ခံက မျိုးသစ်ပွားများရေးအတွက် စိုက်ပျိုးရေးသုတေသနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်နေမှုများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်မောင်က တက်ရောက်လာသည့် တောင်သူများအား မျိုးသစ်များ စိုက်ပျိုးကြစေရေး ဖြည့်စွက်ဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်စိုက်ကြပ်အဖွဲ့နှင့် စိတ်ပါဝင်စားသူများ၊ ကျေးလက်နေ တောင်သူအင်အား ၁၂၀ကျော် တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ချောင်းဦးမြို့နယ် မကျီးခွကျေးရွာအုပ်စု မကျီးခွကျေးရွာ တောင်သူ ဦးဇင်မင်း၏ လယ်ကွက်၌ ကုလားပဲသီးနှံ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၀၁/၂၀၁၀)ကို ဇန်နဝါရီ ၂၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room တွင် ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် "Introduction to Historical Buildings in Egypt" ခေါင်းစဉ်ကို ဦးသန်းတင်အောင်က ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၇-၆၃၅၀၀နှင့် ၀၉-၅၀-၁၆၉၈၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ ***(ဗိသုကာအသင်း)***

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (ဥပုသ်နေ့)

၂၂-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	တေးသရုပ်ဖော်အစီအစဉ်
၈း၂၀	၈။	**ချစ်သောမြေ ချစ်သောရေ**
၈း၃၀	၉။	တေးဂီတအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	ကြေးမုံရိပ်သွင် တေးနုယဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၃၀	၄။	မြန်မာစာ မြန်မာစကား
၄း၄၅	၅။	နှောင်းခေတ်တေးပဒေသာ
၄း၅၅	၆။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၁၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၈။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၅း၂၀	၉။	**ချစ်တတ်ကြရအောင်** အောင်ရဲလင်း၊ ချစ်စနိုးဦး၊ ထွန်းထွန်းဝင်း၊ သန်းသန်းစိုး၊ အိမ့်ကြာဖြူ [ဒါရိုက်တာ- သိန်းဟန် (ဖီးနစ်)]
၅း၃၀	၁၀။	**ပဋ္ဌလက်ကျောင်းတော်**
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၄)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၁)
	၁၉။	သီချင်းချစ်သူ (သီရိဂျေမောင်မောင်)
	၂၀။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၁။	အစီအစဉ်ပြီး၏။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ကီဝန်ဂျုန်းစ်အား လီဗာပူးက အငှားစာချုပ်ခေါ်ယူလို

လီဗာပူးအသင်းသည် နွေရာသီတွင် ဆန်းဒါးလန်း တိုက်စစ်မှူး ကီဝန်ဂျုန်းစ်အား အမြဲတမ်းစာချုပ်နိုင်မည့် အချက်အပေါ် အခြေခံသော အငှားစာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

တိုက်စစ်မှူး မက်ကာသီအား ဝက်စ်ဟမ်းက ကမ်းလှမ်း

ဝက်စ်ဟမ်းအသင်းကို ပိုင်ရှင်အသစ် ဒေးဗစ်ဂိုးလ်နှင့် ဒေးဗစ်ဆူလီဗန်တို့ လွှဲပြောင်းရယူပြီးနောက် ပထမဦးဆုံး ကမ်းလှမ်းမှုအဖြစ် ဘလက်ဘန်းတိုက်စစ်မှူး ဘင်နီမက်ကာသီအား ပြောင်းရွှေ့ကြေးပေါင် ၁ဒသမ ၂သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးစတား၌ ဖော်ပြသည်။

ကာနာလက်စ်အားခေါ်ယူရန် ချယ်လ်ဆီးနှင့် မန်စီးတီးကမ်းလှမ်း

စပိန်အသင်း ရေးဆင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး ယခုနွေရာသီတွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာတော့မည့် အသက် ၁၈နှစ်ရှိ စပိန်ကွင်းလယ်ကစားသမား ဆာဂျီယိုကာနာလက်စ်အားခေါ်ယူရန် ချယ်လ်ဆီးနှင့် မန်စီးတီးနှစ်သင်းစလုံးက ကမ်းလှမ်းမှုများပြုလုပ်ခဲ့ကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မက်ဂီယာဒီ၏ ပြောင်းရွှေ့ကြေး ဆဲလ်တစ်အသင်းဖွင့်ဟ

ဆဲလ်တစ်အသင်းသည် ဘာမင်ဂမ်အသင်းအနေဖြင့် တောင်ပံကစားသမား အီဒင်မက်ဂီယာဒီအား ပြောင်းရွှေ့ကြေး ပေါင် ၁၁သန်းပေးပါက ရောင်းချမည်ဟု ဖွင့်ဟခဲ့ကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

ရှာဘင်ကာဇန်မှ အန်ဆယ်လ်ဒီအား မန်စီးတီးပစ်မှတ်ထား

မန်စီးတီးအသင်းသည် ရှာဘင်ကာဇန်အသင်းမှ ဘယ်နောက်ခံလူ ခရစ္စတီယန်အန်ဆယ်လ်ဒီအား ခေါ်ယူစာချုပ်နိုင်ရေး ပစ်မှတ်ထားနေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ရီးရဲမှ နစ္စတယ်ရှိုင်းအား စတုတ်စီးတီး ကမ်းလှမ်း

စတုတ်စီးတီးအသင်းသည် ရီးရဲမက်ဒရစ် တိုက်စစ်မှူး နစ္စတယ်ရှိုင်းအား ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးစတားသတင်းတွင် ဖော်ပြသည်။

ရီးရဲသို့ မပြောင်းသင့်ကြောင်း ရီဘာရီအား ရော်ဘင်ပြောကြား

ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ဖရန့်ရီဘာရီအနေဖြင့် ရီးရဲမက်ဒရစ်သို့ မပြောင်းရွှေ့သင့်ကြောင်း ပြီးခဲ့သည့် နွေရာသီက ဘိုင်ယန်မြူးနစ်သို့ မပြောင်းရွှေ့မီ ရီးရဲတွင် နှစ်နှစ်ကြာမျှ ကစားခဲ့သူ အာဂျန်ရော်ဘင်က ၎င်း၏ကစားဖော် ရီဘာရီအား အကြံပေးပြောကြားခဲ့သည်ဟု အင်တာနက်သတင်း၌ ဖော်ပြသည်။

တိုက်စစ်မှူး ဂျိမ်းစ်ဘီတီအား ရှိုင်ဟော့ဒ်ဆန်ကမ်းလှမ်း

စတုတ်စီးတီးအသင်းတွင် နေရာမရဖြစ်နေသော တိုက်စစ်မှူး ဂျိမ်းစ်ဘီတီအား ခေါ်ယူရန် ဖူလ်ဟမ်အသင်းနည်းပြ ရှိုင်ဟော့ဒ်ဆန်က ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

တိုက်စစ်မှူးဘော်ဂန်အား မိုယက်စ် ထုတ်ရောင်းမည်

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်သည် ယခုအပြောင်းအရွှေ့ရာသီတွင် တိုက်စစ်မှူး ဂျိမ်းစ်ဘော်ဂန်အား ထုတ်ရောင်းမည်ဖြစ်ကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

လီဗာပူးမှ ဘာဘယ်လ် ဘာမင်ဂမ်သို့ ပြောင်းရွှေ့မည်

လီဗာပူးကွင်းလယ်ကစားသမား ရိုင်ယန်ဘာဘယ်လ်သည် ယခင်ကဘာမင်ဂမ်သို့ ပြောင်းရွှေ့ရန်ငြင်းပယ်ခဲ့ပြီးနောက် ယခုအခါယင်းသို့ပြောင်းရွှေ့ရန် လက်ခံခဲ့ပြီး ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းဖြင့် ပြောင်းရွှေ့ရန်သဘောတူညီခဲ့ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

တိုက်စစ်မှူး အဒူရစ်ဇ်အား မာတီနက်ဇ် ခေါ်ယူမည်

ဝီဂန်နည်းပြ ရောဘတ်ကိုမာတီနက်ဇ်သည် ၎င်းအသင်း၏ တိုက်စစ်အင်အားကို မြှင့်တင်ဖြည့်တင်းရန် မာလော့ကာမှ ပြောင်းရွှေ့ကြေးမြင့် တိုက်စစ်မှူး အရစ်ဇ်အဒူရစ်ဇ်အား ခေါ်ယူမည်ဖြစ်ကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

ဗီလာရီးရဲမှ အီဂူရင်အား ဘလက်ဘန်းက အငှားစာချုပ်လို

ဘလက်ဘန်းအသင်းသည် စပိန်အသင်းဗီလာရီးရဲတွင် နေရာမရဖြစ်နေသော ဥရုဂွေးလက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဆီဘက်စတီယန်အီဂူရင်အား အငှားစာချုပ်ခေါ်ယူလိုကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

နေရစ်တော့ အန်ဖီးလ်ဟု ဂျရတ်နှုတ်ဆက်တော့မှာလား

ရေးသူ - မောင်မောင်မြင့်ဆွေ ၊ စာမျက်နှာဖွဲ့စည်းမှု -ခင်သန္တာသိန်း (မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၂၁

ကြေးစားဘောလုံးသမားတစ်ဦးအနေဖြင့် ကလပ်တစ်သင်းတည်း၌ တစိုက်မတ်မတ်ကစားခဲ့သည့် ဘောလုံးသမားမျိုးရှားသည်။ အောင်မြင်မှု၊ နာမည်ကြီးမှု၊ ငွေကြေးပိုမိုရရှိမှုနှင့် အနာဂတ်အခွင့်အရေးကောင်းများရနိုင်မှုအပေါ် တွက်ချက်ကာ အသင်းပြောင်းရွှေ့ကစားသည့် ဘောလုံးသမားများလေသည်။ သို့သော် ထိုသို့သော ဘောလုံးသမားမျိုးထဲ၌ အင်္ဂလန်နှင့် လီဗာပူး ကွင်းလယ်ကစားသမား ဂျရတ်မပါဝင်ခဲ့ပေ။



လီဗာပူးအသင်းအား ကျောခိုင်း စွန့်ခွာဖွယ်ရှိသည့် အသင်းအတွက် အားထားရသော အသင်းခေါင်းဆောင် စတီဗင်ဂျရတ်။

ပြောင်းရွှေ့မည်

လာမည့်နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ကာလ၌ ဂျရတ် လီဗာပူးကို စွန့်ခွာတော့မည်ဟု သတင်းများထွက်ပေါ်လာသည်။ ပွဲရလဒ်များဆိုးရွားကာ အောင်မြင်မှုများနှင့် တဖြည်းဖြည်းအလှမ်းဝေးလာခဲ့သည့် လီဗာပူးကလပ်ကို ဂျရတ်ကျောခိုင်းတော့မည်။ ဂျရတ်ကိုယ်တိုင်ကလည်း လာမည့်နွေရာသီ၌ အသင်းပြောင်းရွှေ့မည်ဟု ကလပ်ပိုင်ရှင်များကို ပြောကြားထားသည်။

အမှတ်အသား

အသက် ၁၈နှစ်အရွယ်ကပင် လီဗာပူးအသင်းကြီး၌ ပထမပွဲထွက် ကစားသမားအဖြစ် ပါဝင်ကစားသည့် ဂျရတ်သည် လီဗာပူးအသင်းအား အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းကို ခေါင်းဆောင်ကာ အခက်အခဲ အကျပ်အတည်းများကို ရန်းကန်ကျော်ဖြတ်ခဲ့ရသည်။ ထို့ကြောင့် လီဗာပူးပရိသတ် အချစ်တော်ဖြစ်ခဲ့သလို လီဗာပူးအသင်း၏ အမှတ်အသားလည်း ဖြစ်ခဲ့သည်။

ဂျရတ်မှတ်တမ်း

လီဗာပူးအသင်း၌ကစားစဉ် ၂၀၀၁ ခုနှစ်က အင်္ဂလန်နှင့် ဂျာမနီတို့ယှဉ်ပြိုင်ကစားသည့်ပွဲ၌ အင်္ဂလန်တို့ ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲတွင် ဂျရတ်တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးမှာ ဂျရတ်အတွက် နိုင်ငံတကာပွဲများတွင် ပထမဆုံးသွင်းဂိုးလည်းဖြစ်သည်။ ၂၀၀၅ ခုနှစ်က လီဗာပူးအတွက် ချန်ပီယံလိဂ်ဖလားရယူပေးနိုင်ခဲ့သလို ဥရောပ၏ အကောင်းဆုံး ကွင်းလယ်ကစားသမား တစ်ဦးလည်းဖြစ်ခဲ့သည်။ လီဗာပူးအသင်း သမိုင်းတစ်လျှောက် အကောင်းဆုံး ကွင်းလယ်တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

စွမ်းရည်

ဘောလုံးပွဲကစားတိုင်း တစ်ကွင်းလုံးအနှံ့ပြေးလွှားကာ မမောနိုင် မပန်းနိုင် မရပ်မနားကစားတတ်သည့် ဂျရတ်၏ အဆုံးသတ်ဂိုးသွင်းသေချာမှု၊ ကစားဖော်အချင်းချင်း အပေးအယူမျှကာ စုဖွဲ့ကစားတတ်မှုနှင့် တစ်ဖက်အသင်းနောက်တန်းကို မတွန့်မဆုတ် ထိုးဖောက်ဂိုးသွင်းယူနိုင်မှုများကား ဂျရတ်၏ စွမ်းရည်များပင်ဖြစ်သည်။

အကောင်းဆုံး

မိမိနည်းပြအဖြစ် တာဝန်ယူကတည်းက လီဗာပူးအသင်းတွင် ဂျရတ်၏ စွမ်းရည်ကို အသိအမှတ်ပြုခဲ့ကြောင်း၊ လီဗာပူး၌ ဂျရတ်သည် အကောင်းဆုံးကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြဘင်နီတက်ဇ်က ချီးကျူးပြောကြားခဲ့သည်။ သို့သော် ဘင်နီတက်ဇ်၏ ပွဲထွက်ကစားသမားအခင်းအကျင်းကို ဂျရတ် စိတ်တိုင်းမကျခဲ့။ ဂျရတ်၏အကြံပြုချက်ကိုလည်း ဘင်နီတက်ဇ် လက်ခံမစဉ်းစားခဲ့ချေ။ ယခု လီဗာပူးတို့ အောင်မြင်မှုနှင့် အလှမ်းဝေးစ ပြုလာပြီဖြစ်သည်။

ခေါ်ယူ

ရီးရဲမက်ဒရစ်က လာမည့်နွေရာသီ၌ ဂျရတ်ကို ခေါ်ယူလိုကြောင်း၊ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ပေးမည်ဖြစ်ကြောင်း လီဗာပူးသို့ ကမ်းလှမ်းထားသည်။ ထို့အပြင် ချယ်လ်ဆီးနည်းပြဟောင်းနှင့် အင်တာမီလန်နည်းပြ မော်ရင်ဟိုကလည်း ဂျရတ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရောင်းလို

လီဗာပူးကလပ်ပိုင်ရှင်များကလည်း ငွေလိုနေသည်။ နှစ်စဉ် တက်နေသည့် အကြွေးများကို ဂျရတ်အား ရောင်းချပြီး ဆပ်လိုသည်။ သို့သော် ဂျရတ်လို ဘောလုံးသမားမျိုးကို ထုတ်ရောင်းလျှင် နည်းပြဘင်နီတက်ဇ် ထွက်မည်ဟု ဆိုထားသည်။ ဂျရတ်အသင်း၌ မရှိလျှင် ရလဒ်ဆိုးရွားနိုင်မည်ကို ဘင်နီတက်ဇ်လည်း သိထားသည်။ အသက် ၂၉နှစ်ရှိ ဂျရတ်ကို ထုတ်ရောင်းသင့်သည်ဟု အဆိုပြုသူများ ရှိလာသည်။

မသေချာ

ထို့ကြောင့် ဂျရတ်၏ အနာဂတ်သည် လာမည့်နှစ်တွင် လီဗာပူး၌ ဆက်လက်ရှိနေရန်မှာ မသေချာတော့ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ
ဒီဂျိုကိုဗစ် တတိယအကျော့ပြိုင်ပွဲ တက်လှမ်း

မဲလ်ဘုန်း ဇန်နဝါရီ ၂၁

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲများကို မဲလ်ဘုန်းမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံဟောင်း ဒီဂျိုကိုဗစ်က တစ်နိုင်ငံတည်းသား ဆားဘီးယား တင်းနစ်ကစားသမား မာကိုချူဒီနိုလီအား အနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဒီဂျိုကိုဗစ်သည် ဥဇဘက်ကစ္စတန်မှ ဒင်းနစ်အစ္စတိုမင်နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယာသည် ရိုမေးနီးယား တင်းနစ်ကစားသမား ဟန်နီဆုနှင့် ဆုံတွေ့မည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲတွင် အာဂျင်တီးနား တင်းနစ်မယ် ဒူလ်ကိုက ဆားဘီးယား တင်းနစ်မယ် အီဗာနိုဗစ်အား အနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ **(အင်တာနက်)**

အာဖရိကဖလား
အီဂျစ် ကွာတားတက်



အီဂျစ်ကစားသမား မိုဟာမက် အဘီ(ယာ)၏ ထိုးဖောက်ကစားဟန်။
(အင်တာနက်ဓာတ်ပုံ)

ကမ်ပါလာ ဇန်နဝါရီ ၂၁

၂၀၁၀ အာဖရိကနိုင်ငံများဖလား အုပ်စု(ဂ)ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အာဖရိကဖလား ခြောက်ကြိမ်ရရှိဖိုလ်စွဲခဲ့ပြီးသော အီဂျစ်က ဘီနင်အား နှစ်ဂိုး- ဂိုးမရှိဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

အီဂျစ်အသင်းသည် သုံးပွဲကစား သုံးပွဲနိုင်ပြီး ရမှတ်ကိုးမှတ်ဖြင့် ကွာတား တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

အုပ်စု(က)မှ အိမ်ရှင် အင်ဂိုလာနှင့် အယ်လ်ဂျီးရီးယားတို့ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ အုပ်စု(ခ)နှင့် (ဃ)ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။ (အင်တာနက်)

ပရီမီယာလိဂ်
အမှတ်ပေးဇယားထိပ်ဆုံးသို့ အာဆင်နယ်ရောက်ရှိခဲ့

လန်ဒန် ဇန်နဝါရီ ၂၁

ပရီမီယာလိဂ်ပွဲစဉ် (၂၂) ပြိုင်ပွဲများကို ဇန်နဝါရီ ၂၁ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က အိမ်ကွင်း၌ဘော်လ်တန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်လာသည်။

ဘော်လ်တန်က အဝေးကွင်းကစားခဲ့ရသော်လည်း ဂါရီကာဟေးလ်နှင့် မက်သရူးတေလာတို့၏ အဖွင့်ဂိုးများဖြင့် အာဆင်နယ်ကို ဦးဆောင်ကစားခဲ့သည်။ သို့သော်လည်း ရီဆစ်စကီးက ပထမပိုင်းပြီးခါနီးတွင် တစ်ဂိုး၊ ဒုတိယပိုင်း၌ ဖာဘရီဂတ်စ်၊ ဗာမေလန်(ဝဲအောက်ပုံ)နှင့် အာရှာဗင်တို့က ဂိုးများ ဆက်တိုက်သွင်းယူခဲ့သဖြင့် ဘော်လ်တန်တို့၏ အဖွင့်ဂိုးများမှာ အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ ယင်းပြိုင်ပွဲအပြီး အာဆင်နယ်က ၂၂ပွဲကစားပြီး ရမှတ် ၄၈မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ ယင်း၏အောက်တွင် ချယ်လ်ဆီးက ၂၁ပွဲကစားပြီး ရမှတ် ၄၈ မှတ်ဖြင့် ဒုတိယ၊ မန်ယူက ၄၇မှတ်၊ စပါးက ၃၈မှတ် အသီးသီးရရှိထားသည်။

ထိုနေ့က လီဗာပူးတို့အိမ်ကွင်း၌ စပါးအသင်းကို ဒက်ကွတ်ဇ်၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရပြီး စတုတ္ထနေရာသို့ ချဉ်းကပ်လာသည်။

(အင်တာနက်)

ကာလင်းဖလား ဗီလာ ဖိုင်နယ်လုပွဲကစောင့်ပြီ

လန်ဒန် ဇန်နဝါရီ ၂၁

ကာလင်းဖလား အကြိုဖိုင်နယ်လုပွဲစဉ်များကို ဇန်နဝါရီ ၂၁ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာက ဘလက်ဘန်းအသင်းကို နှစ်ပွဲပေါင်း ခုနစ်ဂိုး-လေးဂိုးဖြင့်နိုင်ပြီး ဆယ်စုနှစ်အတွင်း ပထမဆုံး ဖိုင်နယ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အနိုင်ရထား

ဇန်နဝါရီ ၂၁ရက်က အက်စ်တွန်ဗီလာအသင်း၏ အိမ်ကွင်း၌ ဘလက်ဘန်းအသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစတွင် ဘလက်ဘန်းအသင်းက ကလီနစ်၏ ဂိုးများဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ သို့သော် ပထမပိုင်းတွင် ဝါနော့ခ်နှင့် မီလ်နာတို့က ဗီလာအတွက် ချေပဂိုးများ သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် အင်န်ဇွန်ဇီက ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ ဗီလာတို့ တတိယဂိုးရခဲ့သည်။ ဗီလာအတွက် စတုတ္ထဂိုးကိုတော့ အဘွန်လဟောက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၂ မိနစ်တွင် ဟတ်စကီးက ဗီလာအတွက် တစ်ဂိုးထပ်မံသွင်းယူခဲ့ ပြန်သည်။ သို့သော်လည်း အော်တွန်နှင့် အီမာဂျန်တို့က ဘလက်ဘန်းအတွက် တတိယနှင့် စတုတ္ထဂိုးများ သွင်းယူခဲ့သည်။ ပွဲသိမ်းလေလွင့်ချိန်တွင် အက်ရှ်လေယန်းက ဗီလာအတွက် တစ်ဂိုးထပ်မံ သွင်းယူခဲ့၍ ပွဲအပြီးဗီလာက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ အက်စ်တွန်ဗီလာတို့ ဇွန် ၁၅ရက်က ပထမအကျော့အဖြစ် ဘလက်ဘန်းကွင်း၌ ကစားရာတွင် တစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရထားသည်။

ယမန်နေ့က မန်စီးတီးတို့ အိမ်ကွင်း၌ မန်ယူကို တီဗက်ဇ်၏ ဂိုးများဖြင့် အနိုင်ရထားသည်။ မန်ယူအတွက် အဖွင့်ဂိုးကို ဂစ်က သွင်းယူနိုင်ခဲ့သော်လည်း မန်ယူကစားသမားဟောင်း တိုက်စစ်မှူး တီဗက်ဇ်က နှစ်ဂိုးသွင်းယူခဲ့သည်။ ယင်းတို့ နှစ်သင်းသည် ဒုတိယအကျော့အဖြစ် ဇန်နဝါရီ ၂၇ရက်တွင် ယှဉ်ပြိုင်မည် ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

ISO 9001:2000
ဦးသာရင် ၏ သွက်ချာပါဒ လေဝင်လေထွက်ဆေး
ဧရာဝတီ သွေးညှိ သွေးဆေး
0510YR 001350

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ် ၃၄နေ
ဦးထွန်းလှ-ဒေါ်ညိုညိုဟန်
(ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊စက်မှု-၂)
တို့၏သားကြီး
မောင်ထက်ဦးဇော်
B.Sc(Physics)(Dip.Network Engineering)
Service Manager,YCUBE Co.,Ltd.(Singapore)
နှင့်
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနေ
[ဦးယုထွေး-မြို့နယ်အင်ဂျင်နီယာ(ငြိမ်း)၊
ဆောက်လုပ်ရေးဝန်ကြီးဌာန]-ဒေါ်ကျင်ပိုတို့၏မြေး၊
ဦးအောင်ချိန်၏ သမီး
မအေးအေးခိုင်
B.A(Economics)(D.C.ALCCI UK)
(Dip.in Hospitality Management,Singapore)
Trainee Management,Zion F&B
Co.,Ltd.(Singapore)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ စင်ကာပူနိုင်ငံ R.O.M တွင် ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါ၍ ၁၉-၁-၂၀၁၀ ရက်တွင် စင်ကာပူနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း၌ မင်္ဂလာဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ထက်ဦးဇော်-မအေးအေးခိုင်။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မိုင်ဝန်နိုင်နှင့် ကျွန်မ မချိုချိုခိုင်တို့သည် ၁၅-၁-၂၀၁၀ရက်တွင်တိုင်း တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်ရှေ့မှောက်၌ လက်ထပ်ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုလွှာကို လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။

မိုင်ဝန်နိုင် ၁၃/လရန(နိုင်)၀၀၇၃၃၁
ချိုချိုခိုင် ၁၃/ တကန(နိုင်)၀၀၁၂၆၈။

ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ထားဝယ်အသင်း၏ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့ရဂုဏ်ပြုပွဲ၊ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ဆုချီးမြှင့်ပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ဗဟန်း(၃)လမ်း မှတ်တိုင်အနီးရှိ ကန်တော်ကြီးဝင်း မဟာမြိုင်ကျွန်း Western Park Royalဟိုတယ်တွင် ဇန်နဝါရီ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ညီညွတ်ပြီးဆောင်
ဓလေ့နာသံဆင့်ရှိုင်းများ
နှင့်
နိုင်ငံ့ဂုဏ်ဆောင်စာပေတိုက်မှ

ကြက်ခြေနီအသိပညာ ပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ဘားအံ၌ကျင်းပ

ဘားအံ ဇန်နဝါရီ ၂၁

ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကျင်းပသော ကြက်ခြေနီ အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဘားအံမြို့ ပြည်နယ်ကျန်းမာရေးမှူးရုံး အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီက ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း(ဝဲအောက်ပုံ)က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းချုပ်မှ အမှုဆောင်ညွှန်ကြားရေးမှူး၊ ပြည်နယ်ကျန်းမာရေး ဦးစီးမှူးနှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁၈ ရက်မှ ၂၁ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမည်ပြောင်း

ကချင်ပြည်နယ်၊ မန်စီမြို့နေ အဖ ဦးသက်လွင်ဦး၏ သမီး၊ ဗန်းမော်မြို့ အထက(၂)စတုတ္ထတန်း(A)မှမဆုမြတ်နိုးလွင်အား ယနေ့မှစ၍ မနန်းသီရိရှင်းသန့်ဟုလည်းကောင်း၊ပထမတန်း(A)မှ မနန်းဖြိုးဝတီလွင်အား ယနေ့မှစ၍ မနန်းအိန္ဒြေစိုးစံဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အဖ ဦးသက်လွင်ဦး။

ရွှေစိုးစည်
373275
708342

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၉၄၂၊ ဧရိယာ ၀.၁၁၆ ၀၅၅၅ဧကရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်း၊ မြောက်ဒဂုံမြို့နယ် ၃၄ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၉၄၂ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အခြားဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုလာသူ မြေအမည်ပေါက် ဦးစိုးဝင်း A/RGN-၀၀၇၆၆၅ထံမှ တရားဝင်ကိုယ်စားလှယ်စာရရှိထားသူ ဦးသန်းထိုက်ဌေး ၁၀/မလမ(နိုင်)၁၁၁၉၂၁ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L. D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

ဆာဒူးကြီး တိုင်းရင်းဆေးဝါး
ဖုန်း - ၀၉ ၅၀၀ ၆၁၂၃

သံတောင်ကြီး၌ မီးသတ်သင်တန်းဆင်း

သံတောင်ကြီး ဇန်နဝါရီ ၂၁

သံတောင်ကြီးမြို့နယ် အခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၅/၂၀၀၉) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် ညနေ၃နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစောခူးရီက အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲ ထန်းတပင်၌ခင်းကျင်း

ထန်းတပင် ဇန်နဝါရီ ၂၁

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလွတ်လပ်ရေးနေ့ နံရံကပ်စာစောင် ပြပွဲနှင့် ဓာတ်ပုံပြပွဲ အခမ်းအနားကို ထန်းတပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးငွေဒိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်မှူး ဒုတိယရဲမှူးကျော်စိန်လင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ငြိမ်းငြိမ်းတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ဆင်းသီဂီကတ္တရာ လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်က ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၉ရက်က ရန်ကင်းမြို့နယ် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းတွင် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန် မြန်မာစာပထမဆုရ စတုတ္ထတန်းမှ ကျောင်းသူ မခင်စပယ်အောင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်လှလှက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၂)၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ဘက်စုံပညာ ထူးချွန်ဆု ကိုးဆုရ ဆဋ္ဌမတန်းမှ မောင်ရဲရင့်နိုင်အား ကျောင်းအုပ်ဆရာကြီးက ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း အခု(၁၁၀)အား ရောင်းချမည်ဖြစ်ပါသည်-

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	အရေအတွက်(ခု)
(က)	တရားရုံးချုပ်	၄
(ခ)	စာရင်းစစ်ချုပ်ရုံး	၇
(ဂ)	အမှတ်(၁)စက်မှုဝန်ကြီးဌာန	၃၅
(ဃ)	အမှတ်(၂)စက်မှုဝန်ကြီးဌာန	၆
(င)	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	၂၁
(စ)	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန	၁
(ဆ)	သမဝါယမဝန်ကြီးဌာန	၂၁
(ဇ)	ယဉ်ကျေးမှုဝန်ကြီးဌာန	၁
(ဈ)	ပြန်ကြားရေးဝန်ကြီးဌာန	၁၁
(ည)	မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	၂
(ဋ)	ရထားပို့ဆောင်ရေးဝန်ကြီးဌာန	၁
	စုစုပေါင်း	**၁၁၀**

၂။ အဆိုပြုလွှာစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့် ရက်နှင့်နေရာ - ၂၂-၁-၂၀၁၀ ရက်မှစ၍ ရုံးချိန်အတွင်း
(၁) စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်။
(၂) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန၊ အမှတ်(၁၁၄)၊ပြည်ထောင်စုရိပ်သာလမ်း၊ ရန်ကုန်။

၃။ အဆိုပြုလွှာတင်သွင်းရမည့်နေရာ - စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်။

၄။ အဆိုပြုလွှာတင်သွင်းရမည့်ရက်နှင့်အချိန် - ၂၆-၂-၂၀၁၀ရက် ၉း၀၀နာရီမှ ၁၆း၀၀နာရီအထိ

၅။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် - ၀၆၇-၄၀၆၃၄၀၊ ၄၀၆၀၆၉တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး
ရုံးအမှတ်(၃၂)၊ နေပြည်တော်။

ပုဂ္ဂလိကပိုင်ပြုလုပ်မည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

စဉ်	အကြောင်းအရာ	မြေဧရိယာ (ဧက)	မှတ်ချက်
	တရားရုံးချုပ်(၄)ခု		
၁	ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြမာလာလမ်းထောင့်၊ အမှတ်(၆၇)ရှိလုံးချင်းအဆောက်အအုံ (ပဆ-၇၀၈၆)(၄၉'×၆၉'×၁၅')	-	
၂	ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ အမှတ်(၁၁၈)ရှိ မြေညီထပ်အခန်း (ပဆ-၉၉၁၆) (၂၅'×၃၉'×၁၃' ၆")	-	
၃	ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၅၆၉)ရှိ လုံးချင်းအဆောက်အအုံ(ပဆ-၆၉၁၉) (အဆောက်အအုံနှင့်လျှပ်စစ်ပစ္စည်းများသာ) (၂၀'×၄၄'×၁၂')	-	
၄	ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ (၁၇)လမ်း၊ အမှတ်(၅၀-၅၄)ရှိ မြေညီထပ်အခန်းအမှတ်(၃)၊ (ပဆ-၇၉၂၅) (အဆွယ်) (၁၆'၈"×၅၀'×၁၄')	-	
	စာရင်းစစ်ချုပ်ရုံး(၇)ခု		
၅	ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ဘဏ်လမ်း၊ အမှတ်(၅၀)ရှိ၊ဒုတိယထပ်ဝဲဘက်ခြမ်းအခန်းတစ်ခန်း (၃၇'×၄၀'×၁၅')	-	
၆	ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ ဈေးချောင်းလမ်း၊ အမှတ်(၆)ရှိ (ပဆ-၉၉၉၂၂/၁၂)ပြည်သူပိုင်သိမ်းဆိုင်ခန်းအဆောက်အအုံ	၀.၀၇၃	
၇	ရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့၊အစိုးရရပ်ကွက်ရှိသိုလှောင်ရုံ	၀.၀၉၁	
၈	ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ဒိုးတောင်ရပ်ကွက်ရှိသိုလှောင်ရုံ	၁.၃၀	
၉	မိတ္ထီလာမြို့၊ မိတ္ထီလာဈေးအနီးဆိုင်ခန်း(ပဆ-၉၉၆၉) အခန်း(၃)ခန်း (၃၀'×၂၄'×၁၆')	-	
၁၀	ဧရာဝတီတိုင်း၊ ဖျာပုံမြို့၊ ပထမလမ်း၊ အမှတ်(၄၅)ရှိ (ပဆ-၇၉၉၆၁/၁၂)(ပဆ-၇၉၉၆၂/၁၂)ဆိုင်ခန်းနှစ်ခန်း (၇၀'×၁၂'×၁၃')	-	
၁၁	ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ ကုန်သည်လမ်းနှင့် မြေနုလမ်းထောင့်၊အမှတ်(၅၇)ရှိ အခန်း (ပဆ-၉၉၈၉၆/၁၂)(၃၉'×၃၄'×၆၂')	-	
	အမှတ်(၁)စက်မှုဝန်ကြီးဌာန(၃၅)ခု		
၁၂	ရော်ဘာလက်အိတ်စက်ရုံ ပျဉ်းမပင်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း	၅.၈၈	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၁၃	ဆပ်ပြာစက်ရုံအမှတ်(၃) ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။	၂.၉၀၃၂	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၁၄	ပဲငံပြာရည်နှင့် ရှလကာရည်စက်ရုံ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း	၂.၁၁၂	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၁၅	ဝင်းသူဇာစားသောက်ကုန်လုပ်ငန်းစက်ရုံခွဲ(လှိုင်) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း	၁.၂၈၀	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၁၆	မတ္တရာအုတ်စက်ရုံ အမှတ်(၃) မန္တလေး-မိုးကုတ်လမ်း၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်း	၁၃၃.၉၅	
၁၇	ပြည်မြစန္ဒာအချိုရည်နှင့်ရေခဲစက်ရုံ အမှတ်(၁၈၁)၊ စစ်ကဲလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့	၁.၆၁	
၁၈	ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။	၀.၇၉၉	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၁၉	မရမ်းကုန်းဆေးဂွမ်းနှင့် ပတ်တီးစက်ရုံအမှတ်(၂၆) (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း	၄.၇၅၃	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၂၀	ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ်(၂) (မြေနှင့်အဆောက်အအုံ) အုတ်ကျင်းဘုတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း	၃.၂၈၄	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၂၁	သားရေပစ္စည်းစက်ရုံ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း	၂.၇၅၄	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၂၂	သဘော်ဆေးစက်ရုံ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း	၁.၉၈၆	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၂၃	စစ်ကိုင်းအမှတ်(၁)ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ (မြေ ၁၇.၁၁ဧက၊ စက်ကိရိယာနှင့်ကုန်ထုတ်အဆောက်အအုံသာ)	၁၇.၁၁	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၂၄	မီးခြစ်စက်ရုံ(မန္တလေး) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	၅.၇၉၀၁	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၂၅	ဒဂုန်အချိုရည်နှင့် ရေခဲစက်ရုံ၊ စက်ရုံခွဲ(၄) အမှတ်(၅)၊ ရွာမကျောင်းလမ်း၊(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်း၊ အမှတ်(၁) ကန်ရိပ်သာလမ်း၊ ကမ္ဘာအေး၊ ရန်ကုန်တိုင်း	၀.၇၉၃	
၂၆	မရမ်းကုန်းမျက်နှာသုတ်ပဝါ စက်ရုံအမှတ်(၂၃) အမှတ်(၁)ကန်ရိပ်သာလမ်း၊ ကမ္ဘာအေး၊ ရန်ကုန်တိုင်း	၃.၂၅၈	
၂၇	ကျောက်ပြားစက်ရုံခွဲ(ကျောက်ဆည်) မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်၊ မုန့်ပေါင်းကျေးရွာအနီး	၁၄.၅၀	
၂၈	ကြွေထည်ပစ္စည်းစက်ရုံ (မော်လမြိုင်) ကျောက်တန်းလမ်း၊ မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့	၁၂.၆၉၅	
၂၉	ရေခဲစက်ရုံ၊ စက်ရုံခွဲ(၂) အမှတ်(၉၄-၉၈)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း	၀.၁၀၄	
၃၀	ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း၊ အမှတ်(၇၄-၈၀)ရှိ (သုံး)ထပ်တိုက်အဆောက်အအုံ	၀.၀၈၃၅	
၃၁	အထည်စက်ရုံ၊ ရုံခွဲ(၄) အမှတ်(၃၁၅/၆၆၁)၊မဲဇာဝီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့	၂.၁၀၃	
၃၂	ဖိနပ်စက်ရုံအမှတ်(၁)ပင်မစက်ရုံ(မရမ်းကုန်း) အမှတ်(၁၀၀)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်း	၅.၅၆၈	
၃၃	အင်းစိန်စောင်စက်ရုံအမှတ်(၂၀) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း	၁၅.၇၁၁	
၃၄	ကုန်ထုတ်စက္ကူစက်ရုံ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) စဥ့်ငူရပ်ကွက်၊အောင်ဆန်း၊အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်း	၂.၅၅	
၃၅	ဆပ်ပြာစက်ရုံအမှတ်(၂)စက်ရုံခွဲ (စက်ကိရိယာမပါ၊မြေနှင့်အဆောက်အအုံသာ) အမှတ်(၁၁၅)၊လွတ်လပ်ရေးလမ်း၊ ဝေဘူလရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း	၂.၃၁၆	
၃၆	ဖိနပ်စက်ရုံအမှတ်(၁)၊စက်ရုံခွဲ(မှော်ဘီ) (စက်ကိရိယာမပါ၊မြေနှင့်အဆောက်အအုံသာ) ရန်ကုန်-ပြည်လမ်းမကြီး၊ရေတွင်းကုန်းကျေးရွာ၊မှော်ဘီမြို့	၁၁.၂၆	
၃၇	ဘီးလင်းသကြားစက် ဘီးလင်းမြို့၊ သထုံခရိုင်၊ မွန်ပြည်နယ်	၆၅.၂၆	
၃၈	သစ်သားထည်လုပ်ငန်းစက်ရုံခွဲ(ဘုရင့်နောင်) အမှတ်(၁/က)၊ ဘုရင့်နောင်လမ်း၊(၁၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း	၁၁.၀၆၅	
၃၉	မျက်နှာသုတ်ပဝါစက်ရုံခွဲ (ယခင်မျက်နှာသုတ်ပဝါ စက်ရုံအမှတ်-၁၊ရုံခွဲ-၃)၏ မြေနှင့်အဆောက်အအုံများ အမှတ်(၇၉)၊ ဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ တံတားလေးလမ်းဆုံအနီး၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း	၂.၁၂၄	
၄၀	ဆပ်ပြာစက်ရုံအမှတ်(၁)အုတ်ကျင်းဘူတာရုံလမ်းနှင့်ဘုရင့်နောင်လမ်းထောင့်၊(၁၅)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်တိုင်း	၃၅.၅၂၄	
၄၁	ဆပ်ပြာစက်ရုံအမှတ်(၂) အမှတ်(၁၁၃)၊ ရန်ကုန်-အင်းစိန်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း	၁၇.၄၇	
၄၂	ဆပ်ပြာစက်ရုံ အမှတ်(၇)၊ ပဏ္ဍိတလမ်း၊(၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း	၁.၈၈	
၄၃	ဆပ်ပြာကုန်ကြမ်းဆီစက်ရုံ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း	၁၂.၅၀၄	
၄၄	ဆီသန့်စက်ရုံ အမှတ် (၁၆)၊ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း	၄.၉၉	
၄၅	ကြက်စားပြင်ရေခဲစက်ဟောင်းမြေနေရာနှင့်အဆောက်အအုံ ဗိုလ်ချုပ်လမ်း၊ ထားဝယ်မြို့	၁.၂၇၇	
၄၆	ညောင်ရမ်းတောင်ရေခဲစက်ဟောင်းမြေနေရာနှင့်အဆောက်အအုံ၊ဝဲကျွန်း၊ညောင်ရမ်းရပ်၊ကုသိနာရုံလမ်း၊ထားဝယ်မြို့	၁.၄၄၇	
	အမှတ်(၂)စက်မှုဝန်ကြီးဌာန (၆)ခု		
၄၇	လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဒဂုံ)၊ ရေနံနှင့်ဓာတ်ငွေ့ရည်အိုးခွံထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)	၁.၂၂၄	
၄၈	လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ ဓာတ်ခဲထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)	၁.၉၄၁	
၄၉	အမှတ်(၂)စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ(၂) ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း	၃.၉၈	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၅၀	အမှတ်(၂)စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ပင်မစက်ရုံ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း	၂.၉၁	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၅၁	အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ကုန်ထုတ်ဌာနခွဲ(၂) (ဃ)ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်း	၀.၇၃၈	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၅၂	ဓာတ်ခဲထုတ်လုပ်မှုအလုပ်ရုံ(မလွန်)(စက်နှင့်စက်ကိရိယာပစ္စည်းသာ) မင်းလှမြို့နယ်၊ မကွေးတိုင်း	-	
	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(၂၁)ခု		
၅၃	ခရမ်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြေ(၂.၂၃)ဧကပေါ်ရှိ သိုလှောင်ရုံ(၃)လုံး	၂.၂၃	
၅၄	ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ မြေ(၄.၂၆) ဧကပေါ်ရှိ သိုလှောင်ရုံ(၅)လုံး	၄.၂၆	
၅၅	ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ မြေ(၄.၃၄၈) ဧကပေါ်ရှိသိုလှောင်ရုံ(၁၀)လုံး	၄.၃၄၈	
၅၆	စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ဒေါနခြံရပ်ရှိ မြေနှင့်ယာဉ်/စက်ပြင်အလုပ်ရုံ	၁.၀၆၈	
၅၇	မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးဒိုင်ဝင်းရှိ မြေနှင့်သိုလှောင်ရုံ(၂)လုံး	၀.၂၇	
၅၈	ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၊ ထောင်မှူးချောင်ရှိ သိုလှောင်ရုံ(၂)လုံး (မြ-၅၊ မြ-၆)	၃.၀၇	
၅၉	ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၊ တော်တနီးရှိ သိုလှောင်ရုံ(၃)လုံး (မြ-၁၊ မြ-၂၊ စိုက်-၁)	၁.၂၂	
၆၀	ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၊ နိဗ္ဗာန်ကွင်းရှိ သိုလှောင်ရုံ(၁)လုံး (မြ-၁၀)	၅.၂၅	
၆၁	ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၂)ရပ်ကွက်ရှိ သိုလှောင်ရုံ(၁)လုံး (မြေစိုက်-၃)	၁.၆၅၅	
၆၂	ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကွမ်းခြံချောင်ရှိ သိုလှောင်ရုံ(၃)လုံး (မြ-၁၀၊ မြ-၁၁၊ မြ-၁၂))	၁.၅၃	
၆၃	မအူပင်မြို့နယ်၊ ကမ်းနားလမ်းရှိ ကုန်ပဒေသာသိုလှောင်ရုံ	၀.၁၉၀	
၆၄	ဧရာဝတီတိုင်း၊ ရေကြည်မြို့၊ မြို့မရပ်ကွက်၊ ပိတောက်ချောင်ရှိ သိုလှောင်ရုံ(၁၀)လုံး	၆.၂၁	
၆၅	ဧရာဝတီတိုင်း၊ ရေကြည်မြို့၊ မြို့မရပ်ကွက် ပိတောက်ချောင်ရှိ အချဉ်ထိန်းသိုလှောင်ရုံ	၀.၂၄၅	
၆၆	ကျောက်တန်းမြို့နယ်၊ တံတားမြို့၊မြေ(၁.၂၅)ဧကပေါ်ရှိ သိုလှောင်ရုံ(၃)လုံး	၁.၅၂	
၆၇	ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆတ်ရိုးကျချောင်းအနီးရှိ ပိုလန်သိုလှောင်ရုံ(၃)လုံး	၀.၆၉၉	
၆၈	ဖွဲနုဆီစက်အမှတ်(၁၇)၊ ပုသိမ်မြို့	၂၃.၄၅၆	
၆၉	ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်ရှိ သိုလှောင်ရုံ(၁၃)လုံး၊ ဝန်ထမ်းအိမ်ရာတစ်လုံး၊ဓာတ်ခွဲခန်းအဆောက်အအုံတစ်လုံး	၆.၆၄	
၇၀	ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဈေးချောင်းလမ်း၊အမှတ်(၈)ရှိ (ပဆ-၉၉၉၁၈/၁၂) အဆောက်အအုံ (၅၈'×၂၄'×၂၀')	-	
၇၁	ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ် (က) မြို့မ(၁၂)ရပ်ကွက်ရှိ သိုလှောင်ရုံနှစ်လုံး (မြ-၅၊ ၆) (ခ) မြို့မ(၁၂)ရပ်ကွက်ရှိ သိုလှောင်ရုံတစ်လုံး (မြ-၇) (ဂ) ဆကကြီးရှိ သိုလှောင်ရုံတစ်လုံး (ယာ-၁၁)	(က) ၀.၇၇၉ (ခ) ၀.၂၇ (ဂ) ၀.၂၇	
၇၂	အမှတ်(၁၁၈)၊ (၂၆-ဘီ)လမ်း၊ (၈၃×၈၄)လမ်းကြား၊ မန္တလေးမြို့၊တစ်ထပ်အဆောက်အအုံနှင့်မြေ(ပဆ-၉၉၇၇)	၀.၀၃၂၇	
၇၃	ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ဥယျာဉ်လမ်းရှိ သိုလှောင်ရုံနှစ်လုံး	၀.၀၀၇	
	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(၁)ခု		
၇၄	ကျိုက်ထိုဟိုတယ်နှင့် ကင်ပွန်းစခန်းရှိ ကျိုက်ထို ဟိုတယ်နားနေခန်း	၅.၇၉	
	သမဝါယမဝန်ကြီးဌာန(၂၁)ခု		
၇၅	ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့၊ ဘူတာရုံလမ်း၊ အမှတ်(၈) (ပဆ-၁၄/၄၅၆၄) ပြည်သူပိုင်သိမ်းအခန်း (၂၀'×၃၀'×၁၃')	-	
၇၆	ပဲခူးတိုင်း၊ ရွှေကျင်မြို့၊ ဂန့်ဂေါ်ဝိုင်းရပ်ကွက်၊ စာတိုက်ဟောင်းရှိ(ပဆ-၁၄/၁၉၃၄) ပြည်သူပိုင်သိမ်း အဆောက်အအုံ	၀.၀၃၂	
၇၇	မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၉၁)၊ မြေညီထပ်အခန်း(ပဆ-၁၁၇၄)(၁၂'×၅၀')	-	
၇၈	လယ်ဝေးမြို့နယ်၊ အေလာလမ်းနှင့် (၂)လမ်းထောင့်၊ ဈေးတောင်ဘက်၊ မြို့သစ်ရပ်၊အေလာမြို့ရှိ(ပဆ-၉၉၇၉) (အဆွယ်)အဆောက်အအုံနှင့်မြေ	၀.၀၄၆	
၇၉	ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၅၉)၊(၈)ထပ်တိုက်မြေညီထပ်ရှိ (ပဆ-၇၆၅၅) ပြည်သူပိုင်သိမ်းတိုက်ခန်း(၁၄.၅'×၅၀'×၁၀')	-	
၈၀	ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၈၀)၊ မြေညီထပ်အခန်း (ပဆ-၄၁၄၂/၄၁၉၂) (၂၅'×၆၀')	-	
၈၁	မန္တလေးတိုင်း၊ မြင်းခြံမြို့၊ (၇)ရပ်ကွက်၊ မြို့ကွက် အမှတ်(၁၉)၊ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်-၄၄(ဋ)ရှိ ပြည်သူပိုင်သိမ်း အခန်း(၃)ခန်းတည်ရှိရာမြေ	၀.၂၈၇	
၈၂	ပဲခူးတိုင်း၊ ပြည်မြို့၊ ရွှေကူရပ်၊ လက်သမားလမ်း၊ အမှတ်(၂၄၇)၊ ယခင်အမှတ်(၂၁)ပြည်သူပိုင်သိမ်း အဆောက်အအုံ	၀.၀၃၄	
၈၃	ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၈၁/၆၈၃)မြေညီထပ်၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၇၇၆၃)(၂၂'×၅၀'×၁၆')	-	
၈၄	ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၇၄)မြေညီထပ်၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၇၇၃၀)(၁၈'×၄၅'×၁၀')	-	
၈၅	ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၇၀) မြေညီထပ်၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၉၈၉၀) (၂၈'×၅၀'×၁၇')	-	
၈၆	ရန်ကုန်တိုင်း၊ လသာမြို့နယ်၊(၁၇)လမ်း၊ အမှတ်(၅၄) မြေညီထပ်၊ပြည်သူပိုင်သိမ်းအခန်း(ပဆ-၇၈၃၈)(၁၃'×၅၀')		
၈၇	ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊(၁၆)လမ်း၊အမှတ်(၈၆) မြေညီထပ်၊ ပြည်သူပိုင်သိမ်းအခန်း(ပဆ-၇၅၈၆/အဆွယ်) (၂၅'×၅၀'×၁၅')	-	
၈၈	တနင်္သာရီတိုင်း၊ မြိတ်မြို့၊ ဆိတ်ငယ်ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀၀) မြေညီထပ်၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၄၆၇၆)(၅၀'၉"×၃၀'၉"×၁၈')	-	
၈၉	ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၅၄)မြေညီထပ်၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၇၅၆၂)(၂၅'×၅၀'×၂၀')	-	
၉၀	မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းအရှေ့ဘက်ရှိပြည်သူပိုင်သိမ်းအဆောက်အအုံ (ပဆ-၉၉၅၄)	၀.၃၀၁	
၉၁	ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၀၅/က)မြေညီထပ်၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၉၇၈၅)(၁၂.၅'×၅၀'×၁၆')	-	
၉၂	ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၂၈၇/၂၈၉)မြေညီထပ်၊ ပြည်သူပိုင်သိမ်း (ပဆ-၈၅၈၃/၈၇၁၉) (၂၂'×၅၀')	-	
၉၃	ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၄၃/၆၄၅)မြေညီထပ်နှင့်ပထမထပ်၊ ပြည်သူပိုင်သိမ်း(ပဆ-၇၉၉၃/၇၇၂၅)(၂၅'×၅၀'×၁၃')	-	
၉၄	ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊အမှတ်(၂/၃၅၃)၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၆၈၉) (၃၃'×၁၁၃'×၁၇')	-	
၉၅	ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ်(၁၃၂/၁၃၄)မြေညီထပ်အခန်း (၂၃'×၅၀')	-	
	ယဉ်ကျေးမှုဝန်ကြီးဌာန(၁)ခု		
၉၆	ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာဇာတ်ရုံ အနောက်ဘက်ရှိ ကားရေဆေးဆီထိုးမြေနေရာ	၀.၄၀၂	
	ပြန်ကြားရေးဝန်ကြီးဌာန(၁၁)ခု		
၉၇	ဇေယျာသီရိရုပ်ရှင်ရုံ၊ စစ်ကိုင်းမြို့	၀.၇၄၄	
၉၈	ရွှေမန်းရုပ်ရှင်ရုံ၊ ရန်ကုန်မြို့	၀.၂၈၄	
၉၉	ဘုရင့်နောင်ရုပ်ရှင်ရုံ၊ ရန်ကုန်မြို့	၀.၁၆၀	
၁၀၀	စံပြရုပ်ရှင်ရုံ၊ ရန်ကုန်မြို့	၀.၁၅၈	
၁၀၁	မြို့မရုပ်ရှင်ရုံ၊ ရန်ကုန်မြို့	၀.၁၃၂	
၁၀၂	ရွှေဂုန်ရုပ်ရှင်ရုံ၊ ရန်ကုန်မြို့	၀.၁၃၂	
၁၀၃	မြဟံသာရုပ်ရှင်ရုံ၊ သန်လျင်မြို့	၀.၈၁၀	
၁၀၄	ရဲတံခွန်ရုပ်ရှင်ရုံ၊ ပဲခူးမြို့	၀.၃၆၂	
၁၀၅	မြို့မရုပ်ရှင်ရုံ၊ စစ်တွေမြို့	၀.၁၅၅	
၁၀၆	မြသုခရုပ်ရှင်ရုံ၊ တောင်ကြီးမြို့	၀.၅၄၆	
၁၀၇	ငွေဗိမာန်ရုပ်ရှင်ရုံ၊ အောင်ပန်းမြို့	၀.၃၀၄	
	မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန(၂)ခု		
၁၀၈	ဂွရေခဲစက် ဂွမြို့၊ ရခိုင်ပြည်နယ်	၅.၈၅	
၁၀၉	ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိသဖြူချိုင်အအေးခန်းနှင့် ရေခဲစက်ရုံဆိပ်ခံဖော်တံတား	၂၁.၇၃	
	ရထားပို့ဆောင်ရေးဝန်ကြီးဌာန(၁)ခု		
၁၁၀	မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အမှတ်(၄၃)ရှိ မြေ ၀.၄၀၂ဧကနှင့် အဆောက်အအုံ	၀.၄၀၂	

ပြင်ဦးလွင်မြို့ မြေပုံကျေးရွာ အမက ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ

သီပေါ ဇန်နဝါရီ ၁၈

ပြင်ဦးလွင်မြို့နယ် မြေပုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် အခြေခံပညာမူလတန်းသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြေပုံကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြမောင်၊ အမှတ်(၃)နယ်မြေ ပညာရေးတာဝန်ခံ ဆရာကြီး ဦးအောင်ကျော်ဦးနှင့် မြေပုံကျေးရွာအမကကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်းတို့က အမှာစကားပြောကြားကြပြီး စာရေးဆရာသီပေါကိုလတ်က မြေပုံရွာအလှ ခေါင်းစဉ်ဖြင့် ဟောပြောကာ ၎င်းရေးသားထုတ်ဝေခဲ့သော စာအုပ်များကို ကျောင်းစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများနှင့် အလှူရှင်များက ဆုများချီးမြှင့်ကြပြီး အလှူရှင် ဒေါ်နန်းစောရင်က ထူးချွန်ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်၍ ကျောင်းသား ကျောင်းသူအားလုံးအတွက် စာအုပ်နှင့် ခဲတံများကို တစ်ဦးချင်းပေးအပ်လှူဒါန်းသည်။

(စာပေနှင့် စာနယ်ဇင်း)

တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မိသားစုများအား ထောက်ပံ့ငွေများပေးအပ်

တိုက်ကြီး ဇန်နဝါရီ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၆ရက် နံနက်၁၀နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၇၄၅ဦးနှင့် အရန်တပ်ဖွဲ့ဝင် ၁၀၂၅ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲ နတ်တလင်းမြို့နယ်၌ ကျင်းပ

နတ်တလင်း ဇန်နဝါရီ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်၉နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေရီထွန်းက အဖွင့်အမှာစကားပြောကြားပြီး မိခင်နှင့်ကလေးဆရာဝန် ဒေါက်တာဒေါ်ခင်မိုးလှိုင်က မိခင်နှင့်ကလေးကျန်းမာရေး သိကောင်းစရာများ ဟောပြောပြီး ဆုရရှိသည့် သားကောင်းမိခင်နှင့် ကလေးသူငယ်များအား ဆုများချီးမြှင့်ကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အလင်းသုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာတွင်ကျင်းပ

ရေနံချောင်း ဇန်နဝါရီ ၁၈

ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာအုပ်စု ချိုင်းကျေးရွာ အလင်းသုတစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ ချိုင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်မြင့်တို့က အလင်းသုတစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အထိမ်းအမှတ်အလံပေးအပ်

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းတို့က အမှာစကား အသီးသီးပြောကြားကြပြီး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ချိုင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က ပေးအပ်ရာ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်တို့က လက်ခံယူသည်။

လှူဒါန်း

ဆက်လက်၍ အလင်းသုတစာကြည့်တိုက်သို့ ချိုင်းကျေးရွာပြည်သူများ လှူဒါန်းသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုပြစက်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော သုတ၊ ရသ မဂ္ဂဇင်းဂျာနယ်များကို ချိုင်းကျေးရွာအုပ်စုဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ဂုဏ်ပြု ကျေးလက်ကျောက်ချောလမ်းဖွင့်

အိမ်မဲ ဇန်နဝါရီ ၁၉

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝါးခရယ်ကျေးရွာမှ ကျမ်းနဖူးကျေးရွာသို့ ဆက်သွယ်သည့် ကွန်ကရစ်တံတားဖွင့်ပွဲကို ဇန်နဝါရီ ၂ရက် မွန်းတည့် ၁၂နာရီက အဆိုပါမုခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဝါးခရယ်-ကျမ်းနဖူးကျေးလက်လမ်းနှင့် တံတားထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ၊ တံတားအလှူရှင် ဦးထွန်းရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

သွားလာနိုင်

အဆိုပါ တံတားမှာ အလျား ၃၆ ပေ၊ အနံ ၇ပေ၈လက်မရှိပြီး ရာသီမရွေး ဖြတ်သန်းသွားလာနိုင်သည့် တံတားဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပုသိမ်အထက(၂) ပညာရေးစုံညီပွဲတော် ကျင်းပ

ပုသိမ် ဇန်နဝါရီ ၂၀

ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က ပညာရွှေရည်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင်နှင့် လက်ထောက်တိုင်းပညာရေးမှူး (စီမံ)ဦးစိုးမြင့်၊ ကျောင်းအကျိုးတော်ဆောင်နာယက ဦးသောင်းရွှေတို့က အဖွင့်အမှာစကားပြောကြားကြသည်။ ထို့နောက် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြပြီး အဋ္ဌမတန်းကျောင်းသူလေးများက အမျိုးသမီးဆင်ယင်ထုံးဖွဲ့ပြိုင်ပွဲဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ *(၁၅၇)*

မြို့နယ်သတင်းများ

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ဒိုက်ဦး ဇန်နဝါရီ ၂၀

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၇ရက် နံနက် ၈နာရီက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီးမွှေရုံ၌ကျင်းပရာ ကန်တော့ခံသက်ကြီး ၅၈ဦးအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် အသင်းရန်ပုံငွေအတွက် ပဒေသာပင်စိုက်ထူလှူဒါန်းသူများအား ဂုဏ်ပြုလွှာပေးအပ်ကာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး **(အပေါ်ပုံ)**နှင့် ဂုဏ်ထူးရသူများ၊ ပညာရေးထောက်ပံ့ဆုရရှိသူ ငါးဦးအား ဆုများချီးမြှင့်သည်။ ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲ၌ အမှတ် ၅၃၀ရရှိသူ မချောငယ်နှင့် မိဘနှစ်ဦးတို့က အသင်းသို့ ငွေပဒေသာပင်ကျပ်သုံးသိန်း လှူဒါန်းသည်။

(မြန်မာ့အလင်း)

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာကျောင်းသားများ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၄-၁၉၈၀)ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပုလဲရတု အထိမ်းအမှတ် (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၆ရက်က ဗဟန်းမြို့နယ် အားကစားကွင်းဝင်းအတွင်းရှိ M3 Food Center ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းသားဟောင်း ကိုမောင်မြက ကန်တော့ချီးတိုင်ပေးပြီး စုပေါင်းကန်တော့ကြကာ ဆရာကြီး ၁၃ဦးအား အလှူငွေနှင့် ကန်တော့လက်ဆောင် ပစ္စည်းများပေးအပ်ကြသည်။ **(အောက်ပုံ)**

ဩဝါဒစကား

ဆက်လက်၍ ဆရာကြီးများဖြစ်ကြသော ဦးဝင်းသိန်း၊ ဦးစီမောင်၊ ဦးသက်လွင်နှင့် ဦးသိန်းတန်တို့က ဆုံးမဩဝါဒစကား ပြောကြားကြသည်။ **(မြန်မာ့အလင်း)**

ကတ္တရာလမ်းသစ်ဖွင့်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ဘီအိုစီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

သတင်းဆောင်းပါး-ပန်းချီပြည့်စိုးထွန်း (ကော့သောင်း) ✧ ဓာတ်ပုံမှတ်တမ်း-လေးမျက်နှာသန်းဦး(သတင်းစဉ်)နှင့် ပန်းချီပြည့်စိုးထွန်း (ကော့သောင်း)

စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၁

သတင်းအဖွဲ့သည် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၉ရက်က မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့သို့ ရောက်ရှိပြီး ၎င်းမှ လေးမိုင်ခန့်ဝေးသော ပုလုံးတုံးတုံးကျွန်းသို့ သွားရောက်၍ ပုလုံးတုံးတုံးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို မှတ်တမ်းတင်နိုင်ခဲ့သည်။

တည်ရှိ

ပုလုံးတုံးတုံးကျေးရွာသည် ပုလုံးတုံးတုံးကျွန်းပေါ်၌တည်ရှိပြီး ကော့သောင်းမြို့၏ အနောက်ဘက်တွင် တည်ရှိသည်။ အကျယ်အဝန်းအားဖြင့် ၆၃ဒသမ ၃၉စတုရန်းမိုင် ကျယ်ဝန်းပါသည်။

စာမျက်နှာ ၇ ကော်လံ ၄ ❐

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ရင်သားကင်ဆာဖြစ်ပွားသူ အမျိုးသမီးများ အရက် မသောက်သုံးသင့်

ရင်သားကင်ဆာဖြစ်သူ အမျိုးသမီးများ အနေဖြင့် ရောဂါပြန်လည် ခေါင်းထောင် မလာနိုင်ရေးအတွက် အရက်လျှော့သောက်သင့်ကြောင်းဆေးပညာသုတေသီများက အကြံပြုထားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ■



ဂန့်ဂေါမြို့ဝင်ဖြတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဂန့်ဂေါ ဇန်နဝါရီ ၂၁

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါမြို့ဝင်ဖြတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၀ရက်က အဆိုပါလမ်းထိပ်မှစ်ဦး၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ခိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၃ ●

သာသာယာယာ

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။